# ကျေးရွာလက်စွဲစာအုပ်




မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်
ဇွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (     )ရက်

## မာတိကာ


၁။ ကျေးရွာတင်ဂုဏ်ပြုလွှာ

၂။ မာတိကာ (မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပါသည့်စာရွက်)

၃။ မိတ်ဆက်----

ဦးအောင်မင်းနိုင်လက်မှတ်

ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ်

၄။ မြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်။

၅။ ကျေးရွာအခြေခံသတင်းအချက်လက်အနှစ်ချုပ်

၆။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ

၇။ ရာသီခွင်ပြဇယား

၈။ ပြဿနာသစ်ပင် နှင့် ဖြေရှင်းမှုစက်ကွင်း

၉။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းမြေပုံ

၁၀။ အနာဂတ် မျှော်မှန်းချက် မြေပုံ

၁၁။ ထူးခြားဖြစ်စဉ် မြေပုံ။

၁၂။ လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြဇယား

၁၃။ လုပ်ငန်းအကောင်အထည်ဖော်ဇယား (Action Plan)

၁၄။ စားဝတ်နေရေးနှင့် ထိခိုက်လွယ်မှု အနေအထားအရ ကျေးရွာမှအဆင့်သတ်မှတ်ထားမှု ဇယား

၁၅။ အခြေခံ သတင်းအချက်အလက် ဇယား။


CamScanner

## မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး
## ညွှန်ကြားရေးမှူး ဦးစန်းလွင် ၏
## ဥပဒေသစကား

ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာအဆင့်ဆင့်ဖြင့် နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ လူမှုစီးပွား ဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ရာတွင် မူဝါဒများ၊ ဥပဒေများကဲ့သို့ အထက်မှ စတင်ပြောင်းလဲခြင်း များ အရေးကြီးလှပါသည်။ ကျယ်ပြန့်လှသော ပြည်သူအလွှာစုံနှင့် ကျေးလက်ဒေသနေ ပြည်သူများ ၏ လိုအပ်ချက်များကို အဓိကထား ဖြည့်ဆည်းနိုင်ရေးအတွက် အောက်ခြေမှစတင်သည့် ပြည်သူ ဗဟိုပြု စီမံချက်များကို ပြည်သူများကိုယ်တိုင် စုစည်း၍ ပါဝင်ဆောင်ရွက်မှုများလည်း အလွန်ပင် အရေးပါသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ ထိုသို့ လိုအပ်သော လုပ်ဆောင်ချက်တစ်ခုကို Action Aid Myanmar က အဖွဲ့အစည်း အသီးသီးနှင့် ဆက်စပ်ပူးပေါင်း၍ " **အားလုံးအကျုံးဝင် ဖွံ့ဖြိုး တိုးတက်မှုအတွက် အောက်ခြေမှ စီမံကိန်း ရေးဆွဲခြင်း**" လုပ်ငန်းစဉ်ဖြင့် ကျေးရွာလက်စွဲစာအုပ် (Village Book)များ ဖော်ထုတ် ရေးဆွဲ ပြုစုခြင်းဖြင့် အားဖြည့်လုပ်ဆောင်မှုကို ကြိုဆိုကြမည်ဟု ယူဆပါသည်။

ကျေးရွာလက်စွဲစာအုပ်များတွင် ကျေးရွာများ၌ နေထိုင်ကြသော ဒေသခံများကိုယ်တိုင် မိမိရွာ၏ လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးဖော်ထုတ်ခြင်း၊ စိန်ခေါ်မှုများ၏ ပြဿနာ အရင်းအမြစ်များ ဖော်ထုတ်ခြင်း၊ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်း တို့ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းလာရေးကိုလည်း အားလုံးက အပြုသဘောဆောင်သည့် အတွေးအခေါ်စံယူချက်များဖြင့် အားဖြည့် ဆောင်ရွက်ကြရမှာလည်း ဖြစ်ပါသည်။ ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် စစ်မှန် ထိရောက်သော ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန် ယခုအစပြုမည့် ကောင်းမွန်သော ပတ်ဝန်းကျင် အခြေအနေကို ပြည့်ဝစွာ အသုံးချ၍ ပြည်သူ့ဝန်ထမ်းများနှင့်အတူ ကျေးလက်နေပြည်သူအားလုံး ပါဝင်ပူးပေါင်း ဆောင်ရွက်ကြစေကြောင်း စေတနာအရင်းခံဖြင့် ဆန္ဒပြုအပ်ပါသည်။

ဦးစန်းလွင်
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး

CamScanner

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်၊မြိုင်မြို့နယ်သည် ရပ်ကွက် (၃)ခု၊ ကျေးရွာ အုပ်စု (၈၁)အုပ်စု၊ စုစုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု(၈၄)အုပ်စု၊ ကျေးရွာပေါင်း (၃၂၉) ရွာတည်ရှိ၍ (၇၈၅.၆၆၁) စတုရန်းမိုင် ရှိပါသည်။ ၂၀၁၆ အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာများနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ထောင်စုနှစ်ရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။ အဲဒီလိုပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ အမျိုးမျိုးအဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထက်အဆင့်မှာသာမူဝါဒရေးရာ ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်မြေပြင်မှာပြုပြင်ပြောင်းလဲမှုရဲ့အသီးအပွင့်တွေကို ပြည်သူအများ ခံစားရရှိနိုင်ဖို့ဟာ အဓိက ကျပါတယ်။ အဲဒီလိုပြည်သူ အများရဲ့ လူမှုစီးပွားလိုအပ်ချက်ကိုအဓိကထား ဖြည့်ဆည်းပေးနိုင်ဖို့ အတွက် ပြည်သူ ဗဟိုပြုဖွံ့ဖြိုးရေး (People-Centered Development) လုပ်ငန်းတွေကိုအောက်ခြေမှစ၍ အမှန်တကယ် ကြိုးပမ်း ဆောင်ရွက်နိုင်ဖို့လိုအပ်ပါတယ်။

ပြည်သူ့ဝန်ထမ်းများအနေနဲ့ပြည်သူအများရဲ့လူမှုစီးပွားရေးလိုအပ်ချက်တွေကိုပြည်သူ့အသံ၊ပြည်သူ့ဦးစားပေးလိုလားချက်တွေနဲ့အညီဆက်စပ်ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာတာဝန်ခံယူမှုရှိတဲ့ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ခုဖြစ်ထွန်းလာမှာဖြစ်ပါသည်။ ပြည်သူအများရဲ့ဦးစားပေး လိုအပ်ချက်တွေကို ဖော်ထုတ် ဆောင်ရွက်ရာမှာ ပြည်သူအများပူးပေါင်းပါဝင်မှုရှိဖို့ဟာ လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် လူထုက ကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဝင်ပြီး မိမိတို့ရပ်ရွာကိုလေ့လာသုံးသပ်၊ ဦးစားပေးလုပ်ငန်းများရွေးချယ်ပြီး အစီအစဉ်များ ရေးဆွဲနိုင်မှသာပြည်သူအများ၏ အမှန်တကယ်လိုအပ်ချက်များကို ထိထိ ရောက်ရောက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှာဖြစ်သလို စီမံကိန်းရေးဆွဲမှုများဟာလည်း အမှန်တကယ် အောက်ခြေကစလို့ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုကိုဦးတည်နိုင်တဲ့ ပြည်သူဗဟိုပြုစီမံကိန်းများအဖြစ် အကောင်အထည်ဖော်နိုင်မှာဘဲဖြစ်ပါတယ်။ သို့မှသာကျေးရွာအစီအစဉ်မှ ကျေးရွာအုပ်စုအစီအစဉ်၊ ထိုမှတဆင့် မြို့နယ်အစီအစဉ်၊ ထိုမှတဆင့် ခရိုင်၊ တိုင်းဒေသကြီး အဆင့်ဆင့်စုစည်းပြီး တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Regional Comprehensive Development Plan) ကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရဌာနများအနေနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းအဆင့်ဆင့်မှာ ဦးစားပေးပြီးဆောင်ရွက်နေတာ လက်ရှိ အချိန်ထိဘဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေဖို့ အတွက် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနဲ့ဆက်စပ်ဆောင်ရွက်ခဲ့ပြီး ယခုဆိုရင် မကွေးတိုင်း

ဒေသကြီးအစိုးရအဖွဲ့နှင့် ရှင်အော့ဒ်မြန်မာတို့ ပူးပေါင်း၍ **"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"** လုပ်ငန်းစဉ်တစ်ခုကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်အရ ပြည်သူအများပူးပေါင်းပါဝင်ရေးဆွဲတဲ့ကျေးရွာလက်စွဲစာအုပ် (Village Book)များကို ဖော်ထုတ်သွားဖို့နဲ့ လုပ်ငန်းအကောင်အထည်ဖော်ရာမှာအားလုံးအကျုံးဝင်ဆောင်ရွက်နိုင်ရေးအတွက်အစီအမံများချမှတ်နိုင်ဖို့ဘဲဖြစ်ပါသည်။ ထို့ကြောင့်ယခုလုပ်ငန်းစဉ်ကိုအဓိကတာဝန်ယူဖော်ဆောင်ရမယ့်ဌာနဆိုင်ရာများအတွက်**"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"**သင်တန်းကိုနည်းပြသင်တန်းတက်ရောက်ပြီး ပြန်လည်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ယခုလို **"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"** လုပ်ငန်းစဉ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်ပြီး အက်ရှင်အေ့ဒ် မြန်မာ၏ပံ့ပိုးမှုဖြင့် မြိုင်တစ်မြို့နယ်လုံးအတိုင်းအတာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်စွာကြီးကြပ်စီမံနိုင်ရေးအတွက် သင်တန်းတက်ရောက်ထားသော အရာရှိများနှင့်အတူအားလုံးက ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

နိဂုံးချုပ်အနေနဲ့အထူးတလည်မှတ်တမ်းတင်လိုတာကတော့ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ် တစ်ခုဖြစ်ထွန်း လာဖို့အတွက် စနစ်အတွင်းမှာပါဝင်တဲ့သူအားလုံးရဲ့အတွေးအခေါ် ခံယူချက်(mind-set)တွေ ပြောင်းလဲနိုင်ဖို့လိုအပ်ပါတယ်။ ကောင်းမွန်သောအုပ်ချုပ်မှုစံနစ် (GoodGovernance) ၏ အခြင်းအရာများဖြစ်ကြတဲ့

(1) အများစုပါဝင်စေခြင်း(Participation)

(2)စည်းမျဉ်းစည်းကမ်းဥပဒေကိုလေးစားလိုက်နာခြင်း(Rule of law)

(3)ကြိုတင်ခန့်မှန်းနိုင်မှုဖြစ်စေခြင်း(Predictability)

(4)ပွင့်လင်းထင်သာမြင်သာဖြစ်ခြင်း(Transparancy)

(5)တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း(Responsiveness)

(6)အများစု၏သဘောကိုရှေးရှုခြင်း(Consensus Orientation)

(7)ညီမျှမှုနှင့်အများစုစဉ်းစားခြင်း(Equity & Inclusiveness)

(8)ထိရောက်မှုရှိခြင်းနှင့်စွမ်းဆောင်ရည်ပြည့်ဝခြင်း။(Effectiveness and Efficiency)

(9)တာဝန်ယူမှုရှိခြင်း (Accountability)

CS CamScanner

စတဲ့အခြင်းအရာများတို့ဟာ ကျေးရွာလက်စွဲစာအုပ် ပြုစုစဉ် တလျှောက်လုံးနဲ့ ပြည်သူလိုလားချက်များကို ပိုင်းဂန်း ကြိုးပမ်းအကောင်အထည် ဖော်ကြတဲ့အခါမှာ ပြည်သူများအနေနဲ့လည်း ယခုလို ကျေးရွာစာအုပ်တွေ ရေးဆွဲပြီး လူမှုစီးပွားလိုအပ်ချက်တွေကို ဖော်ထုတ်တဲ့နေရာမှာ အမှန်တကယ်တက်ကြွစွာ ပူးပေါင်းပါဝင် လိုစိတ်ရှိဖို့အရေးကြီးသလို ပြည်သူ့ဝန်ထမ်းများအနေနဲ့လည်း အမှန်တကယ်အောက်ခြေအထိဆင်းပြီး ပြည်သူများနဲ့တသားတည်းပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ဖို့လည်းအရေးကြီးပါတယ်။ ဒီလုပ်ငန်းစဉ်တစ်ခုလုံး အတွက် အခုလိုနည်းပညာပိုင်းအရဆက်စပ်ပံ့ပိုးပေးတဲ့အက်ရှင်အေ့ဒ်မြန်မာ၊ ကျေးရွာဖွံ့ဖြိုးရေး လူ့ဝယ် သင်တန်းဆရာ၊ ဆရာမများအပြင် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် အမျိုးသားစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာရှိ သုံးဦးကိုလည်း မြိုင်မြို့နယ်ကိုယ်စားအနေဖြင့် ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်လိုက်ရပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြိုင်မြို့နယ်၊ မြိုင်မြို့။

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ (          )လ ၊ (          )ရက်

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခြေအနေ အရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခံရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက်တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်နိုင်ကြမည်ဟူသော လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်သော အစီအစဉ်များဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ မှတ်တမ်းပြုစုသူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း Action Aid (INGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့် ကျေးလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ်ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရာယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကို လျော့နည်းသက်သာစေမည်လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်၌ မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက်အန္တရာယ်တို့ လျော့နည်းကာ တရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစု တင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှ လည်းကောင်း၊ INGO/NGO အဖွဲ့အစည်းအသီးသီးမှလည်းကောင်း၊ မိမိရပ်ရွာမှ လည်းကောင်း ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက်သိရှိဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်

အောင်မင်းနိုင်

အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ

အက်ရှင်အေဒ့်မြန်မာ

၀၉-၇၉၄၄၀၂၆၉၇၊ ၀၆၂-၆၀၄၁၂

CamScanner

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါအကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက်လာရုံသာမက ပိုမိုရှင်းလင်းသောအမြင်နှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းတအုပ်ပါအချက်အလက်များသည် ယခင်နှင့်ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူကျေးရွာ သားများကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပိုမို၍အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ...... ယခုကဲ့သို့ကျေးရွာသူကျေးရွာသားများ၊ စုစည်းညီညာစွာတိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အများအလွယ်နည်းစွာဖြင့် ရေတိုရောရေရှည်မှာပါ ပို၍ထိရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် ဦးမောင်စိုး၊ မောင်ကိုကိုမောင်၊ မဝင်းမို့မို့အေး၊ ဦးရွှေမြ နှင့် ကျေးရွာသူ/ ကျေးရွာသားများ၊ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်းဝန်ထမ်း များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှတက်သည့် ပညာရှင်များပင်ဖြစ်ပါ တော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး

ကန်ပုံကျေးရွာ၊ ငွေးပင်လယ်ကျေးရွာအုပ်စု

မြိုင်မြို့နယ်

## မြေပုံများရေးဆွဲခြင်း၏ ရည်ရွယ်ချက်

### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် လူဦးရေ - အိမ်ခြေ မိသားစုများ၏ ထိခိုက်လွယ်သူများ နေထိုင်ရာ နေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးရွယ်အိုဦးဆောင်သောအိမ်၊ အမျိုးသမီးဦး ဆောင်နေသောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏ လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအခြေအနေအထားများ။
- ကျေးရွာ၏ စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှု
- ကျေးရွာ၏ တည်နေရာနှင့် ပညာရေး ကျန်းမာရေး လူမှုရေး စီးပွားရေးလုပ်ငန်းများ ဆက်စပ် လုပ်ကိုင် နေမှုများ။ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအား သတ်မှတ်ဖော်ထုတ် နိုင်ရန် နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

### ရာသီခွင်ပြဇယားရေးဆွဲခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင် အခွင့် အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေကြီး၊ ဝဲဘေး၊ စသည်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့် ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေ မမျှတမှု ကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

### ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ အခက်အခဲပြဿနာများဖြစ်ခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်း၊ အခက်များသဖွယ် ဖြာထွက်လာသော အကျိုးဆက်များနှင့် အသီးအပွင့်များ သဖွယ်ဖြစ်တည်လာသော နောက်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာ အသီးအပွင့် များကို သိရှိနားလည်လာပြီး ၎င်း ပြဿနာသစ်ပင်ပေါက်ပွားမှုအား မျိုးသုဉ်းပျောက်ကွယ် သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့် နှင့် မျိုးစေ့များကို ဖယ်ရှားသုတ်သင်နိုင်လာ နိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ "ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်" ဟူသောအကြောင်း အကျိုးပြရှင်းလင်း အဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမှု ဂူမမြင်"ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ် ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန်(သို့)သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်

လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တတ်သိပညာရှင်များနှင့် ပူးပေါင်းကာ နည်းလမ်းရှာ သုတ်သင်နိုင်လာစေရန်။

- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသောကြောင့် တစ်ခုနှင့် တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များ စုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမို ဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်"ဟူသော လောကဓမ္မတာအတိုင်း အနာကို အတိအကျ သိရှိလာနိုင်စေ ရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင်စေရန်။

ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်း အဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ "လိုလျှင်ကြံဆ နည်းလမ်းရ"ဟူသော ဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက် အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါ တွင် ၄င်းအခက် အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွားပြီး ကြိုတင်ပြင်ဆင်ကာကွယ်မှု လုပ်ဆောင်နိုင် စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့ပသော ကြီးမားသည့် သဘာဝ ဘေးအန္တရာယ် ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/ သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန်နှင့် ကြိုတင် ကာကွယ်မှုများ ပြုလုပ် ရန် အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး" ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာ ရရှိစေရန်။
- အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲဖြစ်ရ ခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေး စေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ် ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှု ကြောင့် ကြိုတင်ပြင်ဆင် ကာကွယ်ခြင်း နည်းလမ်းများကို ရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေးမကောင်းမှု၊ ပညာရေးနှောင့်နှေး ရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့ သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာ လူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ်စေနေသည့်ကို ထင်ရှားသိစေရန်။
- ၄င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသော လမ်းညွှန် ဆုံးမမှုအတိုင်း မိမိမသိသည်ကို သိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာ ဖြေရှင်းမည့်နည်းလမ်းများပေါ်ထွက်လာစေရန်။

- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုတ်ဝန်ပိုးသည် ဆွဲအား၊ အောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများတည်းဟူသော မိုးပျံပူပေါင်းများက ဆွဲမလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှားလျက် အထက်သို့ပေါ်ပါးစွာရှန်းထွက်ပျံတက်သွားနိုင်ပုံကို ဥပမာ တင်စား၍ရှင်းလင်း အဖြေရှာတင်ပြခြင်းဖြင့် နားလည်စေခြင်း။
- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှုစက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲခြင်းရည်ရွယ်ချက်

- အိမ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့ မြင်တွေ့လိုပါကြောင်း၊ ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်း၊ ချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော် ကြည့်မည့်အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာ အနာဂတ်ကို အလှပဆုံးနှင့် အပေါ်ယံမရှိဆုံးဖြစ် လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖေါ်ဖယားရေးဆွဲခြင်းရည်ရွယ်ချက်

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏လိုအပ်ချက်များ ဦးစားပေး လုပ်ဆောင်ရန် အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိမ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန် အတွက် တိကျသေချာသော တာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူက လုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည်များကို ကျေးရွာသူ/သားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲခြင်းရည်ရွယ်ချက်

- အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီး အခက်အခဲများအား ကျော်လွှားလာနိုင်ကာ မိသားစုနှင့် ရပ်ရွာကိုဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- "ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့် စွမ်းရည်အပြည့်အဝ ရှိသည်"ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှုပပျောက်နိုင်ရန်၊ ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝ ကြောင်း ထင်ရှားသိလာကြစေရန်။

ကျေးရွာအခြေခံ သတင်းအချက်အလက် အနှစ်ချုပ်

- ကျေးရွာအမည် - ကန်ပူးကျေးရွာ
- ကျေးရွာအုပ်စု - ဂွေးပင်လယ်ကျေးရွာအုပ်စု
- မြို့နယ် - မြိုင်မြို့နယ်
- တိုင်းဒေသကြီး - မကွေးတိုင်းဒေသကြီး
- မိသားစု စုစုပေါင်း - ၆၇ - စု
- အိမ်ထောင်စု စုစုပေါင်း - ၅၆ - စု

အသက်အပိုင်းအခြားအလိုက်ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၉၃ | ၁၅၇ | ၂၅၀ |
| ၀ မှ ၅ နှစ်အောက် | ၃ | ၈ | ၁၁ |
| ၅ မှ ၁၃ နှစ်အောက် | ၈ | ၁၃ | ၂၁ |
| ၁၃ မှ ၁၈ နှစ်အောက် | ၁၁ | ၁၂ | ၂၃ |
| ၁၈ မှ ၃၅ နှစ်အောက် | ၂၈ | ၄၆ | ၇၄ |
| ၃၅ မှ ၆၀ နှစ်အောက် | ၂၉ | ၄၄ | ၇၃ |
| ၆၀နှစ် နှင့် အထက် | ၁၄ | ၃၄ | ၄၈ |

| မိသားစုအမျိုးအစား | တောင်သူ | ကျပန်း | ထန်း | ပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သောမိသားစု စုစုပေါင်း | ၁၇ | ၁၄ | ၁ | ၃၂ |
| အမျိုးသမီးဦးဆောင်မိသားစု စုစုပေါင်း | ၁၁ | ၁၇ | - | ၂၈ |
| မသန်စွမ်းဦးဆောင်မိသားစု | - | ၃ | - | ၃ |

အဓိကအသက်မွေးဝမ်းကြောင်းနှင့်ပါတ်သက်သော ပိုင်ဆိုင်မှုများ

- ဆိုင်ကယ် - ၃၈ စီး
- ဖုန်း - ၄၅ လုံး
- နွားလှည်း - ၂၄ စီး
- နွားလှည်း(ရေစည်) - ၂၄ စီး
- တီဗွီ/ဗီဒီယို - ၁၂ လုံး
- စက်ဘီး - ၃၂ စီး
- ဂျိုလ်တု စလောင်း - ၆ လုံး
- နွားစာစဉ်းစက် - ၄ လုံး
- ဆီကြိတ်စက် - ၂ လုံး
- အပ်ချုပ်စက် - ၃ လုံး
- ချွေလှေ့စက် -

- ရိတ်သိမ်းစက် -
- လယ်ထွန်စက် - ၂ စီး
- လက်တွန်းထွန်စက် - ၃ လုံး
- သုံးဘီး -
- ထော်လာဂျီ -
- ကား - ၁ စီး
- ရေနံတူစက် -

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

- နွား(ခိုင်း) - ၅၀ ကောင်
- နွား(မွေး) - ၂၀ ကောင်
- ဝက် -
- ကြက်ခြံ - ၁ ခြံ
- ဆိတ် -

ရွှေ့ပြောင်းလုပ်သားဦးရေ

- ပြည်တွင်း - ၂၆ ယောက်
- ပြည်ပ -

စိုက်ပျိုးမြေပိုင်ဆိုင်မှု(ဧက)

- လယ်မြေ - ၁၀၅ ဧက
- ယာမြေ - ၂၀၄ ဧက
- ဥယျာဉ်ခြံ -
- ပလပ်မြေ/ကျစ်မြေ - ၂ ဧက
- သနပ်ခါးစိုက်ပျိုးမြေ - ၉၇ ဧက
- စကျစ်မြေ -
- သစ်တောမြေ -

သောက်သုံးရေရရှိမှု

- အဝီစိစက်ရေတွင်း -
- ရေလှောင်ကန် -
- ငွေကျယ်ရေတွင်း - ရှိ
- မြေသားရေကန် - ရှိ
- မြစ် -
- ချောင်း -
- ဆည် -
- လက်နှိပ်တုံကင် -
- ရေပိုက်လိုင်းသွယ် -

အလုပ်အကိုင် ပိုင်ဆိုင်မှုနှင့် ထိခိုက်လွယ်အုပ်စု အမျိုးအစားအရေအတွက်ဇယား

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| ၁ | နေ့စားလုပ်သား | ၂၆ |
| ၂ | ထန်းတောပိုင်သူ | |
| | • ထန်းပင်(၂၀)အောက်ပိုင်သူ | ၇ |
| | • ထန်းပင်(၂၀ မှ ၅၀ကြား)ပိုင်သူ | ၁၈ |
| | • ထန်းပင်(၅၀ မှ ၁၀၀ကြား)ပိုင်သူ | - |
| | • ထန်းပင်(၁၀၀)အထက်ပိုင်သူ | - |
| ၃ | ထန်းလုပ်သား | ၁၈ |
| ၄ | ဈေးရောင်း | |
| | • အကြော်/ပဲပြုတ် | ၁ |
| | • ဟင်းသီးဟင်းရွက် | - |
| | • ကုန်စုံဆိုင် (အကြီး) | - |
| | • ကုန်စုံဆိုင် (အသေး) | ၁ |
| ၅ | လယ်ယာပိုင်သူ | |
| | • လယ်/ယာ (၁)ဧက အောက်ပိုင်သူ | ၁၄ |
| | • လယ်/ယာ(၂)ဧက အောက်ပိုင်သူ | ၂၀ |
| | • လယ်/ယာ(၃)ဧက အောက်ပိုင်သူ | ၅ |
| | • လယ်/ယာ(၄)ဧက အောက်ပိုင်သူ | ၁ |
| | • လယ်/ယာ(၅ မှ ၉)ဧက ကြားပိုင်သူ | ၁၅ |
| | • လယ်/ယာ (၁၀)ဧကနှင့် အထက်ပိုင်သူ | ၁၈ |

ပညာရေးအခြေအနေ

ကျောင်းအမျိုးအစား/ဝန်ထမ်း -

- ကျောင်းဆရာ/ဆရာမ ဦးရေ - ၆ ယောက်
- မူကြို -
- မူလတန်း - ရှိ
- မူလွန် -
- အလယ်တန်း -
- အထက်တန်း -

ပညာတက်မြောက်မှု

- ဘွဲ့ရ - ၂၃ ဦး
- အထက်တန်းအောင် - ၈ ဦး
- အထက်တန်း - ၂၁ ဦး
- အလယ်တန်း - ၂၈ ဦး
- မူလတန်း - ၉၀ ဦး
- ဘက - ၂၇ ဦး
- ပညာအတက် - ၁၁ ဦး
- အသုံးလုံး - ၁၈ ယောက်
- မူကြို+KG - ၆ ဦး

ကျန်းမာရေး

- ဆေးခန်း - မရှိ
- အရံသားဖွား -
- ဆေးဆရာ -
- သူနာပြု -
- တိုင်းရင်းဆေး -
- အရပ်လက်သည် -
- ဘိန်းတော -

ကျန်းမာရေး ဆိုင်ရာအခြေအနေ

- အိမ်သာအသုံးပြုသော မိသားစု - ၄၆ လုံး
- အဖြစ်များသောရောဂါများ - သွေးတိုး၊သွေးပေါင်ကျ၊မျက်စိ၊တုပ်ကွေး၊ဝမ်းလျှော၊နှလုံး

မသန်စွမ်း

- ခြေတစ်ဘက် - ၁ ဦး
- ခြေနှစ်ဘက် -
- လက်တစ်ဘက် - ၃ ဦး
- လက်နှစ်ဘက် -
- ဆွံ့အ -
- နားမကြား -
- မျက်မမြင် -
- ကျပ်မပြည့် - ၁ ဦး
- ပိုလီယို၊ မျက်မမြင့် -


အလုပ်အကိုင် ဆိုင်ရာများ

- တောင်သူ - ၂၅ ဦး
- ထန်းတက်သူ - ၄ ဦး
- စက်ပြင်သူ -
- ပုရံလက်သမား -
- လက်မှုပညာလုပ်ကိုင်သူ -
- ထန်သာဖျင်းသူ -
- ကျောက်ထုသူ -
- မုန့်လုပ်သူ -
- အကြော်ကြော်ရောင်းသူ - ၁ ဦး
- ယက္ကန်းယက်သူ - ၂ ဦး
- ပန်းဘဲ ပြုလုပ်သူ -
- ရေနံဖော်သူ -

CS CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ငွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏

လူမှုရေးပြမြေပုံ



CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ငွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏

## လူမှုရေး ပြမြေပုံအစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ငွေးပင်လယ်အုပ်စု၊ ကန်ပူးရွာတွင် အိမ်ခြေ(၅၆)၊ လူဦးရေ (၂၅၀)ဦး။ ကျား(၉၃)၊ မ(၁၅၇)ဦး ရှိပါသည်၊ ကန်ပူးရွာတွင် အဓိကအားဖြင့် တောင်သူလုပ်ကိုင်ကြပါသည်။

### လူမှုရေး

ဖုန်း၊ အိမ်သာ၊ သွပ်မိုးအုတ်တိုက်အိမ်၊ သွပ်မိုးထရံကာအိမ်၊ ဝါးကတ်မိုးထရံကာ၊ ထန်းလက်မိုးထန်းလက်ကာ၊ မသန်းစွမ်းဆင်းရဲချို့တဲ့လွန်းသောအိမ် စသည့်ပုံများသည် လူမှုရေးတွင် အကျုံးဝင်သောကြောင့် ရေးဆွဲထားပါသည်၊ ဤပုံသည် ကန်ပူးကျေးရွာ၏ လူမှုရေးပြမြေပုံဖြစ်ပါသည်။

### စီးပွားရေး

စီးပွားရေးအနေဖြင့် ကန်ပူးရွာတွင် (၇၀%)မှာ တောင်သူလုပ်ကိုင်ကြပါသည်။ လူဦးရေ၏ (၅%)မှာ အစိုးရဝန်ထမ်းလုပ်ကိုင်ကြပါသည်။ (၁၅%)မှာ ပြည်တွင်းရှိ တွင်းခုံ၊ ဂဟော၊ သံသေတ္တာအစရှိသော လုပ်ငန်းများ လုပ်ကိုင်သည့်နေရာများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် လုပ်ကိုင်ကြပါသည်။ ကျန်ရှိသည့် (၁၀%) မှာ နေ့စားလုပ်ငန်းများဖြစ်သည့် သူရင်းငှား၊ လယ်ကူလီစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ တောင်သူလုပ်ငန်းမှာလည်း မိုးလေဝသအားထားနေရပါသည်။ မိုးလေဝသမမှန်လျှင် သီးနှံများ ပျက်စီးဆုံးရှုံးရပါသည်။ မိုးလေဝသမှာလည်း မမှန်သည့်နှစ်ကများနေပါသည်။ ထို့ကြောင့် စီးပွားရေးအနေဖြင့် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးပါ။ ၄င်းပြင် ယင်လုံအိမ်သာမှာလည်း အိမ်တိုင်းတွင်မရှိပါ။

### ပညာရေး

ပညာရေးအနေဖြင့် ရွာတွင် မူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။ ထို့ကြောင့် အလယ်တန်းနှင့် အထက်တန်းပညာသင်ယူရန်အတွက် (၂)မိုင်နှင့် (၇)ဖာလုံ ဝေးသော မြိုင်မြို့သို့သွား၍ ပညာသင်ကြားရပါသည်။ ထို့ကြောင့် မူလတန်းအောင်မြင်ပြီးနောက် အလယ်တန်းနှင့်အထက်တန်းပညာသင်ကြားရန်အတွက် မိဘအများစုက စဉ်းစားကြပါသည်။ အကြောင်းမှာကား တောင်သူလုပ်ကိုင်နေသော မိဘများမှာလုပ်ငန်းမနိုင်ခြင်း၊ လယ်ကူလီ၊ သူရင်းငှားလုပ်ကိုင်သော မိဘများမှာလည်း စားဝတ်နေရေးအတွက် ငွေရှာရမည်ဖြစ်ပြီး ၄င်းတို့၏သားသမီးပညာရေးအတွက် စက်ဘီးဝယ်ပေးရခြင်း၊ ထမင်းချိုင့်အတွက် ချက်ပြုတ်စီစဉ်ပေးရခြင်းတို့အတွက် အချိန်ကုန်၊ ငွေကုန်၊ အလုပ်တာဝန်ပိုခြင်းတို့ကြောင့် အများစုမှာ ၄င်းတို့သားသမီးများကို ကျောင်းဆက်လက်မထားတော့ပါ။ ထို့ကြောင့် အစိုးရဝန်ထမ်းသားသမီးများနှင့် အချို့တောင်သူ လယ်သမားသားသမီးများ သားသမီးများသာ ပညာဆက်လက်သင်ကြားခွင့်ရကြပါသည်။ ယခုအချိန်တွင် ရွာ၏လူဦးရေမှာ (၂၅၀)ဦးရှိသော်လည်း ဘွဲ့ရပညာတတ်သူဦးရေမှာ (၂၃)ဦးသာရှိပါသည်။ ထို့ကြောင့် ရွာရှိပညာတတ်ဦးရေပေါ်များရန်အတွက် မိဘများ၏ စီးပွားရေးနှင့်လည်း များစွာသက်ဆိုင်မှုရှိနေပါသည်။

### ကျန်းမာရေး

ကျန်းမာရေးအနေဖြင့် ရွာတွင် ဆေးပေးခန်းမရှိပါ။ ထို့ကြောင့် ကျေးရွာ၏အုပ်စုရွာများတွင် တာဝန်ကျသောကျန်းမာရေးဝန်ထမ်းများကိုသာ အားထားနေရပါသည်။ သို့ရာတွင် ကျန်းမာရေးဝန်ထမ်းများ မအားလပ်သောအချိန်များတွင် ဗိန္ဓောဆရာများနှင့်လည်း ကုသနေရပါသည်။ မြိုင်မြို့တွင် ဆေးရုံဆေးခန်းရှိသော်လည်း ရွာမှလူများစုသည် အလုပ်မအားခြင်း၊ အခြေခံလူတန်းစားများဖြစ်သဖြင့် မိသားစု၏ စားဝတ်နေရေးအတွက် ရှာဖွေလုပ်ကိုင်နေရသဖြင့် မြို့သို့ မသွားတော့ပါ။ ၄င်းပြင် အခြေခံလူတန်းစားများဖြစ်

CS CamScanner

သဖြင့် TV များမှထုတ်လွှင့်သော ကျန်းမာရေးသတင်းများကိုလည်း ကြည့်ရှုနားထောင်ရန်အတွက် အချိန်လည်းမရှိသလို ဝယ်ယူရန်အတွက်လည်း အများစုမှာ ပိုက်ဆံမတတ်နိုင်ကြပါ။ ထို့ကြောင့် ကျန်းမာရေးနှင့် ပတ်သက်ပြီးဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာကျင့်သုံးရန်အတွက် ခက်ခဲလှပါသည်။ ရွာမှ ကိုယ်ထူကိုယ်ထဖြင့် ဆေးပေးခန်းဆောက်လုပ်ရန်အတွက်မဖြစ်နိုင်သော်လည်း တစ်ရွာလျှင် ကျန်းမာရေးဝန်ထမ်းတစ်ယောက်(သို့မဟုတ်)(၃)ရွာ(သို့မဟုတ်) (၅)ရွာလျှင် ဆေးပေးခန်းငယ်တစ်ခန်း အစိုးရမှ စီစဉ်ပေးလျှင် ရွာရှိလူများ၏ ကျန်းမာရေးပိုမိုကောင်းမွန်လာမည်ဟု ရွာသားများမှ ထင်မြင်မိပါသည်။

## ဘာသာရေး

ဘာသာရေးအနေဖြင့် ရွာ၏တောင်ဘက်တွင် ဘုန်းကြီးကျောင်းရှိပါသည်။ လစဉ်လပြည့်လကွယ်နေ့များတွင် ရွာရှိလူကြီးများသည် ရွာဦးကျောင်းသို့ ဥပုဒ်သီလဆောက်တည်ရန်အတွက် သွားကြပါသည်။ ငှင်းပြင် မိမိတို့တတ်နိုင်သော လှူဖွယ်ဝတ္ထုများကို ယူဆောင်သွားလေ့ရှိပါသည်။ ဝါတွင်း ဥပုဒ်နှင့် သင်္ကြန်ကဲ့သို့သော အခါကြီးရက်ကြီးများတွင်မှ ကလေးများပါ ဘုန်းကြီးကျောင်းသို့ လိုက်ကြပါသည်။ ကလေးများဘုန်းကြီးကျောင်းသို့ လိုက်ခြင်းဖြင့် လူကြီးများရှေ့တွင် မည်သို့နေထိုင်ရမည်နှင့် ဘုရားစာများကို ရရှိပြီး ယဉ်ကျေးလိမ္မာစေပါသည်။ ကန်ပူးရွာတွင် တပိုတွဲလတွင် ဘုရားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပါသည်။ ထိုအချိန်တွင် ရွာမှပြည်တွင်း/ရပ်ဝေးသို့ အလုပ်သွားရောက်လုပ်ကိုင်နေသောသူများမှာလည်း ရွာသို့ ပြန်လာကြပြီး မိမိတို့တက်နိုင်သော လှူဖွယ်ဝတ္ထုများကို ကြွရောက်လာသော သံဃာတော်များကို လောင်းလှူကြသည်မှာ ဝမ်းမြောက်စရာကောင်းပြီး သာဓုအနုမောဒနာ ခေါ်စရာကောင်းလှပါသည်။

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ လူမှုရေး အရင်းအမြစ်ပြမြေပုံ မှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ ။လူမှုရေး ပြမြေပုံရေးဆွဲခြင်း

နေ့စွဲ၊ (၂၁.၁၂.၂၀၁၆) အစည်းအဝေးစတင်ချိန် (၁း၃၀)

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် (၃ း၃၀)

ပံ့ပိုးသူ၏အမည် - ဝင်းမိုးမိုးအေး အစည်းအဝေးကြာချိန် (၂)နာရီ

ဆွေးနွေးသည့်အကြောင်းအရာများ - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ လူမှုရေးပြမြေပုံရေးဆွဲရန်အတွက် ကျေးရွာဥက္ကဋ္ဌ ဦးတင်စိုးမှ ၎င်း၏အိမ်ရှိ မိုက်နှင့် ရွာသူရွာသားများကို အစည်းအဝေးတက်ရောက်ရန်အတွက် ဆော်ဩပါသည်။ ထို့နောက်ရွာသားများရောက်ရှိလာပြီး အစည်းအဝေးကို (၁း၃၀)တွင် စတင်ပါသည်။ ထို့နောက်ကျေးရွာဖွံ့ဖြိုးရေးလူငယ် နေလင်းအောင်မှအစည်းအဝေးတက်ရောက်သူများအား လူမှုရေးပြမြေပုံဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပြီး အချိန်ပေးရန်နှင့် အားလုံးကူညီပူးပေါင်းဆောင်ရွက်ရန် ပြောဆိုပါသည်။ ကျေးရွာ ဥက္ကဋ္ဌ ဦးတင်စိုးမှ ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဖြစ်သည့်အတွက် ရွာသားများမှ အချိန်ပေးပြီး ကူညီဆောင်ရွက်ရမည်ဟုပြောပါသည်။ ဦးရွှေမြမှ ရွာသားများအား ရွာ၏ အိမ်၊ လမ်းစသည်တို့ကို ဆွဲရန်ပြောပါသည်။

ထိုအခါတွင် ဘကြီးကျန်မှ ရွာရှိလမ်းများတွင် တောင်မြောက်လမ်းသည် အရှည်ဆုံးဖြစ်သောကြောင့် ထိုလမ်းကိုအရင်ဆွဲသင့်ကြောင်းပြောပါသည်။ ထို့ကြောင့် ပုံဆွဲသူ ဦးမောင်စိုးမှ တောင်မြောက်လမ်းကို စတင်ဆွဲလိုက်၏။ ၎င်းပြင် လမ်းကြားလေးများကိုလည်း ဦးမောင်စိုးမှ ဆွဲလိုက်သေး၏။ ၎င်းပြင် စာရေးသူမှ ဦးမောင်စိုးအား အိမ်များဆွဲရာတါင် ဝါးကပ်အိမ်၊ တိုက်အိမ်စသည်ဖြင့် ခွဲခြား၍ဆွဲလျှင် ပိုကောင်းကြောင်းပြောသောအခါ ´´ဒါဖြင့်လည်း ဆွဲတာပေါ့ဟ´´ဟု ဦးမောင်စိုးမှ ပြန်ပြောလေ၏။ ထိုပြင် ဦးရွှေမြနှင့် ကိုနေလင်းအောင်မှ ဦးမောင်စိုးအား TV,စလောင်း၊ လယ်ထွန်စက်၊ ကား၊ ဆိုင်ကယ်၊ ဖုန်း၊ အိမ်သာရှိသော အိမ်များကို သူ့သင်္ကေတနှင့်သူထည့်ဆွဲရန်လိုအပ်ကြောင်း ပြောသောအခါ ဦးမောင်စိုးမှ ထည့်လိုက်ပါမည်ဟု ပြန်ပြောလေသည်။ ၎င်းပြင် ဟာသများပြောတတ်သော ဦးမောင်စိုးမှ ရွာရှိနွားရှိသော အိမ်များကိုလည်း နောက်ချေးပိုးသင်္ကေတထည့်လိုက်ရမလားဟု နောက်ပြောင်ပြောဆိုသောအခါ အခြားသူများက မနောက်ပါနဲ့ဟု ပြောရင်းတဟားဟားရယ်မောနေကြလေ၏။ ထို့နောက် ဒေါ်အေးမာမှ စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ဖောင်ဒေးရှင်ချထားသော အုတ်ခုံနေရာနှင့် စာသင်ကျောင်းတို့ကို ဆွဲရန်အတွက်ပြောသောအခါ ဦးမောင်စိုးမှ အိမ်များဆွဲပြီးလျှင် ဆွဲလိုက်မည်ဟုပြန်ပြောပါသည်။ ၎င်းပြင် ဦးမောင်စိုးမှ ရွာထဲရှိသစ်ပင်များကိုလည်း ဆွဲနေလေ၏။ ထိုအချိန်တွင် ဦးရွှေမြမှ ဒေါ်မိုးမိုးအား ဆေးရောင်ခြယ်ရာတွင် ကူညီပေးရမည်ပြောသောအခါ ဒေါ်မိုးမိုးမှ ရွာတွင် မိုးမရွာသောကြောင့် သစ်ပင်များကို အဝါရောင်ခြယ်လိုက်မည်ဟု ဟာသပြောနေလေ၏။ အိမ်၊ လမ်း၊ စာသင်ကျောင်း၊ သစ်ပင်၊ စာကြည့်တိုက် အုတ်ခုံစသည်တို့ဆွဲပြီးသောအခါ ဒေါ်အေးမာ၊ ဒေါ်မာရီ၊ ဒေါ်အေးလွင်၊ ဒေါ်မိုးမိုးတို့မှ ကူညီ၍ ဆေးခြယ်ကြပါသည်။

ဤသို့ဖြင့် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးရွာ၏ ´´လူမှုရေးပြမြေပုံ အစည်းအဝေးပြုလုပ်ခြင်း (၃း၃၀)တွင် ပြီးဆုံးပါတော့သည်။

CamScanner

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးကျန် | | ၂ | ဦးပေါလိုင် | |
| ၃ | ဦးရဲသန်း | | ၄ | ဦးတင်စိုး | |
| ၅ | ဦးမောင်စိုး | | ၆ | ဦးတိုက်ကြီး | |
| ၇ | ဒေါ်ခင်စန်း | | ၈ | ဒေါ်မိုးမိုး | |
| ၉ | ဒေါ်မာရီ | | ၁၀ | ဒေါ်နွဲ့ဝင်း | |
| ၁၁ | ဒေါ်လုံးစိန် | | ၁၂ | ဒေါ်အေးမာ | |
| ၁၃ | ဒေါ်တင်ရှိန် | | ၁၄ | ဒေါ်ကျင်သန်း | |
| ၁၅ | ဒေါ်လုရီ | | ၁၆ | ဦးမြထွန်း | |
| ၁၇ | ဒေါ်အေးဝမ်း | | ၁၈ | ဦးရွှေမြ | |
| ၁၉ | ကိုနေလင်းအောင် | | ၂၀ | ဦးစိန်လင်း | |


မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

CS CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏

အရင်းအမြစ်ပြမြေပုံ



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏

## အရင်းအမြစ် ပြမြေပုံအစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးရွာတွင် အိမ်ခြေ(၅၆)၊ လူဦးရေ (၂၅၀)ဦး၊ ကျား(၉၃)၊ မ(၁၅၇)ဦး ရှိပါသည်။ ကန်ပူးရွာတွင် အဓိကအားဖြင့် တောင်သူလုပ်ကိုင်ကြပါသည်။ ဘွဲ့ရပညာတတ်အနေဖြင့် ( ၂၃ )ဦး ရှိပါသည်။

### လူမှုရေး

လူမှုရေးအနေဖြင့် အရင်းအမြစ်မြေပုံတွင် ပါရှိသည့် ရေတွင်း၊ ရေကန်များသည် ကျေးရွာရှိပြည်သူ လူထုများ အသုံးပြုနေကြရသော ရေတွင်း၊ ရေကန်များဖြစ်ပါသည်။ နွေရာသီတွင် ရေပျက်လက်ပါသည်။ အရင်းအမြစ်ပြမြေပုံတွင် ပါရှိသည့် အနီရောင်ဆေးခြယ်ထားသော အိမ်များအိမ်များသည် ဆင်းရဲနွမ်းပါး သည့် အိမ်များဖြစ်ပါသည်။ သစ်ပင်ကြီးများလည်း အိမ်တိုင်းနီးပါရှိပါသည်။ အိမ်ဝန်းထဲတွင် သနပ်ခါးပင် များလည်း စိုက်ပျိုးကြပါသည်။

ထို့ကြောင့် ဤအရင်းအမြစ်ပြမြေပုံသည် ကန်ပူးကျေးရွာ၏ အရင်းအမြစ်ပြမြေပုံဖြစ်ပါသည်။

### စီးပွားရေး

ကန်ပူးရွာတွင် စပါး၊ မြေပဲ၊ ပြောင်း၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲ၊ နေကြာစသည့်တို့ကို ဆယ့်နှစ် လပတ်လုံး စိုက်ပျိုးကြပါသည်။ ၎င်းပြင် အချို့သောသူများသည် သနပ်ခါးပင်များကို နှစ်ရှည်သီးပင်များ အဖြစ် စိုက်ပျိုးကြပါသည်။ အချို့မှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှားစသဖြင့် လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေလုပ်ကိုင်သောသူများမှာ မိုးလေဝသကို အားထားနေရပါသည်။ မိုးလေ ဝသမမှန်လျှင် သီးနှံပင်များ ပျက်စီးဆုံးရှုံးရပါသည်။ တောင်သူလုပ်ကိုင်သူအများစုမှာ မိရိုးဖလာ၊ သမရိုးကျ စိုက်ပျိုးနည်းများဖြင့်သာ စိုက်ပျိုးလုပ်ကိုင်နေကြသောကြောင့် သီးနှံအထွက်နှုန်းများမှန်ရန်၊ တိုးရန်အတွက် လိုအပ်လှပါသည်။ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို သိရှိ ရန် သင်တန်းပို့ချခြင်း၊ ပိုးမွှားများကျရောက်ချိန်၌ မည်သည့်ဆေးများကို ပတ်ဖျန်းသင့်သည် စသဖြင့် ပညာ ပေးခြင်းဖြင့် စိုက်ပျိုးလုပ်ကိုင်သူများ၏ စီးပွားရေးမှာ ပိုမိုအဆင်ပြေလာနိုင်ပါသည်။

### ပညာရေး

ကန်ပူးရွာတွင် မူလတန်းကျောင်း တစ်ကျောင်းရှိပါသည်။ ရွာရှိကလေးများသည် မူလတန်းပညာ သင်ကြားရန် အတွက် မခက်ခဲသော်လည်း အလယ်တန်းနှင့်အထက်တန်းကျောင်းမှာ မရှိသောကြောင့် မြိုင်မြို့သို့ စက်ဘီးဖြင့် သွားရောက်၍ ပညာသင်ကြားရပါသည်။ စက်ဘီးဖြင့်သွားရောက်၍ ပညာသင်ကြား ရသည့်အတွက် မိဘများမှာ လမ်းခရီးတွင် ထိခိုက်မည်ကို စိုးရိမ်နေရပါသည်။ ၎င်းပြင် မိဘအများစုမှာ လယ်ကူလီ၊ သူရင်းငှားစသည်ဖြင့် မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်နေရပြီး နံနက်စောစော ထ၍ ချက်ပြုတ်ရခြင်း၊ ငွေပိုငွေလျှံမရှိခြင်း စသည့်အခက်အခဲအကြောင်း အမျိုးမျိုးတို့ကြောင့် ကလေးအများစုမှာ ပညာဆက်လက်၍ သင်ကြားခွင့်မရကြပါ။

### ကျန်းမာရေး

ကန်ပူးရွာတွင် ကျန်းမာရေးအတွက် ဆေးပေးခန်းမရှိသည့်အပြင် အခြေခံကျန်းမာရေး ကျွမ်းကျင် ဝန်ထမ်းများလည်းမရှိပါ။ ထို့ကြောင့် နာမကျန်းဖျားနာလျှင် ရွာရှိလူများသည် ဆေးမြီးတိုများဖြင့် ကုသခြင်း၊

CamScanner

ဆေးဆိုင်များသို့ ဆေးစပ်နိုင်ခြင်း စသည်တို့ကို ပြုလုပ်ကြပါသည်။ ထိုသို့ ကုသခြင်းဖြင့် မသက်သာလျှင် ရွာနီးနားရှိ ဗိန္ဒောဆရာများနှင့် ကုသကြပါသည်။ အကြောင်းမူကား ကျေးရွာရှိလူများသည် အသိပညာဗဟုသုတနည်းပါးခြင်း၊ အချို့မှာ ငွေကုန်ကြေးကျများမှာ စိုးသဖြင့် ဆေးရုံဆေးခန်းများသို့ သွားရောက်၍ မကုသကြပါ။ ထို့ကြောင့် ကျေးရွာရှိပြည်သူလူထုများကို ကျန်းမာရေးအသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ပေးဝေခြင်း၊ ဆောင်ရန်ရှောင်ရန်အချက်များကို ပိုစတာ၊ ဗီနိုင်းစသည်တို့ကပ်ခြင်းဖြင့် ပညာပေးနိုင်ပါသည်။ ၄င်းပြင် ကျေးရွာ(၄)ရွာ (သို့မဟုတ်) (၅)ရွာပေါင်း၍ ဆေးခန်းတစ်ခန်းဆောက်လုပ်ပေးခြင်း (သို့မဟုတ်) တစ်ရွာလျှင် ကျန်းမာရေးဝန်ထမ်းတစ်ယောက် ခန့်ထားပေးခြင်းစသည်တို့ လုပ်ဆောင်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူလူထုများ၏ ကျန်းမာရေးစနစ်ပိုမိုကောင်းမွန်လာစေနိုင်ပါသည်။

ဘာသာရေး

ကန်ပူးရွာ၏ တောင်ဘက်တွင် ဘုန်းကြီးကျောင်းရှိပါသည်။ လပြည့်၊ လကွယ်နှင့် ဥပုဒ်နေ့များတွင် လူကြီးမိဘများသည် ဘုန်းတော်ကြီးကျောင်းသို့ ဥပုဒ်သီလဆောက်တည်ရန်အတွက် သွားကြပါသည်။ ဝါတွင်းဥပုဒ်နှင့်သင်္ကြန်ရက်များတွင် ကျေးရွာရှိလူငယ်များသည် စုပေါင်း၍ အမှိုက်လှဲခြင်း၊ သောက်ရေအိုးများ ရေဖြည့်ခြင်း၊ ပန်းကန်များဆေးကြောခြင်းစသည့်တို့ကို ပြုလုပ်ကြပါသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ရွာရှိလူငယ်များသည် စည်းလုံးညီညွတ်ချင်း၊ အချင်းချင်းအပြန်အလှန်လေးစားမှုရှိခြင်း၊ နားလည်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာပါသည်။

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ လူမှုရေး အရင်းအမြစ်ပြမြေပုံ မှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ ။အရင်းအမြစ် ပြမြေပုံရေးဆွဲခြင်း

နေ့စွဲ၊ (၂၀.၁၂.၂၀၁၆) အစည်းအဝေးစတင်ချိန် (၁း၃၀)

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် (၃ း၃၀)

ပံ့ပိုးသူ၏အမည် - ဝင်းမိုးမိုးအေး အစည်းအဝေးကြာချိန် (၂)နာရီ

**ဆွေးနွေးသည့်အကြောင်းအရာများ** - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``အရင်းအမြစ်ပြမြေပုံ´´ရေးဆွဲရာတွင် ပထမဆုံးအနေဖြင့် ရွာရှိရွာသားများစုံလျှင် အစည်းအဝေးစရအောင်ဟု အုပ်ချုပ်ရေးမှူး ဦးတင်စိုးမှ ပြောပါသည်။ ထို့နောက်တါင် ``ကျေးရွာလက်စွဲ စာအုပ်သင်တန်း´´တက်ရောက်ထားသော ဦးရွှေမြနှင့် ကိုနေလင်းအောင်မှ အရင်းအမြစ်ပြမြေပုံရေးဆွဲရာ တွင် ရေတွင်း၊ ရေကန်၊ လယ်ကွင်း၊ မြေယာ၊ သစ်ပင်စသည်တို့ကို အဓိကထားရေးဆွဲရမည်ဖြစ်ကြောင်း ရွာသားများအား ရှင်းပြပါသည်။ ထိုအချိန်တွင် ဦးရဲသန်းမှ ဒါဖြင့်လည်း ရွာ၏အရှေ့ဘက်ရှိ ရေတွင်း၊ လယ်ကွင်း၊ သစ်ပင်နှင့်ကန်ရှည်ကွင်းပြင်ကြီးကို ဆွဲလိုက်ဟုပြောလေ၏။ ပုံဆွဲသူမှ ပြောသည့်အတိုင်းပင် လိုက်ဆွဲလေ၏။ ဦးပေါလိုင်မှ ငါတို့အရှေ့ပိုင်းရှိ မသန်းစိန်၊ မမြတ်ရှင်၊ မအေးမော်တို့အိမ်များရှိ သနပ်ခါးခြံ လေးများလည်း ဆွဲလိုက်ဦးဟုပြောလေ၏။ ထိုအတိုင်းပင် ပုံဆွဲသူ ဦးမောင်ဦးနှင့် ကိုနေလင်းအောင်တို့မှ လိုက်၍ဆွဲနေလေ၏။ ထိုအချိန်တွင် မနွဲ့ဝေ၊ မခင်မြင့်ဆွေနှင့် ကိုတိုက်ကြီးတို့မှာလည်း ငါတို့အနောက်ပိုင်း သနပ်ခါးခြံတွေလည်း ပါအောင်ဆွဲအုံးကွဟု ဦးမောင်ဦးနှင့် ကိုနေလင်းအောင်တို့အား ပြောသောအခါ ပုံဆွဲသူနှစ်ယောက်မှလည်း ဟုတ်ကဲ့ပါဆွဲလိုက်ပါ့မယ်ဟု ပြန်ပြောလေ၏။ ၎င်းပြင် ရွာမြောက်ပိုင်ရှိ ဒေါ်ခင်တင့်နှင့် ဒေါ်ခင်မြတို့မှလည်း ငါတို့သနပ်ခါးခြံနဲ့ ထနောင်းပင်ကိုလည်း ဆွဲလိုက်ပါအုံးဟုပြောလေ၏။ တဆက်တည်းပင် ရွာတောင်ပိုင်းရှိ ဒေါ်ဝင်းမြ၊ ဒေါ်ခင်စန်းနှင့် ဘကြီးကျန်တို့မှလည်း ငါတို့အိမ်က သနပ်ခါး ခြံ၊ မန်ကျည်းပင်နဲ့ စာသင်ကျောင်းထဲမှာရှိတဲ့ သနပ်ခါးခြံကိုလည်း ပါအောင်ဆွဲအုံးဟုပြောလေသည်။ ပုံဆွဲသူနှစ်ယောက်မှာလည်း ဆွဲလိုက်မည်ဟု ပြန်ပြောလေသည်။ ထို့နောက်တွင် ဒေါ်မိုးမိုးနှင့် ဒေါ်အမာကြည် တို့မှလည်း ငါတို့အိမ်ဝိုင်းထဲကသနပ်ခါးပင်၊ မန်ကျည်းပင်၊ နောက်ပြီး စာသင်ကျောင်းနားက လယ်ကွက်တွေနဲ့ ရေတွင်းကိုပါဆွဲရမှာဟု ပြောလေ၏။ ပုံဆွဲသူနှစ်ယောက်မှလည်း ဆွဲလိုက်မယ် ဒါပြင် ပုသိမ်-မုံရွာ-မြိုင်-မန္တလေးဆွဲဖို့အတွက်ရော ပြောကြပါဦးဟုရွာသားများကို ပြောလေ၏။ ထိုအခါ ရွာသား များမှ မြိုင်-မန္တလေး၊ ပုသိမ်-မုံးရွာလမ်းဘေးဝဲယာမှာရှိတဲ့ ထနောင်းပင်၊ ညောင်ပင်၊ မန်းကျည်းပင်၊ လယ်ခင်း၊ ရေတွင်း၊ သောက်ရေကန်၊ ရွာထိပ်ဇရပ်၊ ရေကန်၊ တာချောက်၊ ပြီး ဘုန်းကြီးကျောင်းပါ ပါဆောင်ဆွဲလိုက်ဟု အကြံဉာဏ်ပေးကြလေ၏။ ၎င်းပြင် ဥက္ကဋ္ဌ ဦးတင်စိုးမှလည်း မြိုင်-မန္တလေး-ပုသိမ်-မုံရွာ လမ်းပေါ်မှာရှိတဲ့ ကွန်ကရစ်တံတားလေပါ တံတားပုံစံလေးနဲ့ပါအောင် ဆွဲလိုက်အုံးကွဟု ထောက်ပြ ပြောဆိုအကြံပေးလေ၏။ ဦးမောင်စိုးနှင့် ကိုနေလင်းအောင်တို့မှလည်း ထိုအတိုင်း ဆွဲလိုက်ပါမယ်ဟု ရွာသားများအား ပြန်ပြောလေ၏။ ၎င်းပြင် ပုံဆွဲသူနှစ်ယောက်မှ ပုံဆွဲပြီးရင်တော့ ဆေးခြယ်ရဦးမှာ ဆေးခြယ်တဲ့အခါကျအားလုံးကူညီပြီး ဆေးခြယ်ကြပါဦးဟုပြောလေ၏။ သစ်ပင်နဲ့လယ်ကွင်းကိုတော့ အစိမ်းရောင်ခြယ်၊ ရေတွင်းကိုအပြာရောင်ခြယ်ရအောင်ဟု ရွာသားများပြောလေ၏။ အရောင်ခြယ်မည့်သူ များကလည်း ထိုအတိုင်းပဲခြယ်လိုက်မည်ဟု ပြောလေ၏။ ထိုအချိန်တွင် ဒေါ်ခင်စိမှ ငါတို့ရွာမှာ နွေရာသီဆို ဘုန်းကြီးကျောင်းကနေ ရေပိုက်လိုင်း ရွာထဲကိုယူရတာ ရေပိုက်လိုင်းရောထည့်ပြီး မဆွဲတော့ဘူးလားဟု

CS CamScanner

ရှာသားများနှင့် ပုံဆွဲနေသူတို့အား မေးရာ ငါတို့မေ့နေတာ ဆွဲရမှာဟု ရှာသားများနှင့် ပုံဆွဲသူတို့မှ ပြန်ပြောလေ၏။ ဤသို့ဖြင့် နေ့လည်(၃း၃၀)အချိန်တွင် အစည်းအဝေးကို ရပ်နားလိုက်ပါသည်။

(ဝင်းမို့မို့အေး)

CS CamScanner

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးကျွန် | | ၂ | ဦးပေါလှိုင် | |
| ၃ | ဦးရွှန် | | ၄ | ဦးတင်စိုး | |
| ၅ | ဦးရွှေမြ | | ၆ | ဒေါ်အေးလွင် | |
| ၇ | ဒေါ်နွဲ့ဝေ | | ၈ | ဒေါ်မြရီ | |
| ၉ | ဒေါ်ဝင်းမြ | | ၁၀ | ဒေါ်သန်းစိန် | |
| ၁၁ | ကိုနေလင်းအောင် | | ၁၂ | ဦးမြတ်ထွန်း | |
| ၁၃ | ဦးခင်မြေ့ | | ၁၄ | ဒေါ်လုံးစိန် | |
| ၁၅ | ဒေါ်တင်ရှိန် | | ၁၆ | ဒေါ်ခင်တင့် | |
| ၁၇ | | | ၁၈ | | |
| ၁၉ | | | ၂၀ | | |

မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

CS CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပုံကျေးရွာ၏ ရာသီခွင်ပြဇယား



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ငွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပုံးကျေးရွာ၏ ရာသီခွင်ပြဇယားအစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ငွေးပင်လယ်အုပ်စု၊ ကန်ပုံးကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး၊ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်။ အများစုမှာ တောင်သူလုပ်ကိုင်ကြပါသည်။ အခြားလူများမှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား၊ အစိုးရဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

### စီးပွားရေး

ကန်ပုံးရွာတွင် လူဦးရေ၏ (၇၀%)မှာ တောင်သူလုပ်ကိုင်ကြပါသည်။ တန်ခူးလတွင် လယ်ယာများကို မိုးရွာလျှင် အဆင်သင့်စိုက်ပျိုးနိုင်ရန်အတွက် ထွန်ယက်ထားကြပါသည်။ တန်ခူးလမှ နတ်တော်လထိ မြေပဲ၊ နှမ်း၊ ပြောင်း၊ စပါး၊ ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲ၊ ပဲတီစိမ်းစသည်တို့ကို စိုက်ပျိုးကြပါသည်။ မြေပဲခင်းများတွင် မြေပဲရွက်လိပ်ပိုး၊ နှမ်းခင်းများတွင် ပုနှင့်အခြားပိုးကောင်ငယ်လေးများ၊ စပါးခင်းများတွင် မှုဆစ်ပိုး၊ ပိုးတုံးလုံး၊ မတ်ပဲနှင့် ကုလားပဲခင်းများတွင်လည်း ပိုးကောင်းငယ်လေးများ ကျရောက်ပါသည်။ အချို့သော တောင်သူများသည် ပိုးသတ်ဆေးနှင့်မြေသြဇာများကို အသုံးပြုကြပါသည်။ အချို့တောင်သူများကမူ ၎င်းဆေးများကို အသုံးမပြုကြပါ။ အကြောင်းမှုကား ပိုက်ဆံမတတ်နိုင်ခြင်း၊ မည်သို့ပတ်ဖျန်းရမည်ကို မသိရှိခြင်းကြောင့်ဖြစ်ပါသည်။ သီတင်းကျွတ်မှ တပေါင်းလအထိ စိုက်ပျိုးထားသည့် သီးနှံများကို အလှည့်ကျရိတ်သိမ်းကြပါသည်။ မိုးလေဝသမှန်သောနှစ်များတွင် တောင်သူများမှာအဆင်ပြေပြီး မိုးလေဝသမမှန်သော နှစ်များတွင် တောင်သူများမှာ အဆင်မပြေပါ။ အလားတူပင် တောင်သူများကို အမှီပြု၍နေ့စားလုပ်ငန်းများလုပ်ကိုင်သော လယ်ကူလီ၊ သူရင်းငှားတို့မှာလည်း တောင်သူများအဆင်ပြေသောနှစ်ဝင်ငွေကောင်း၍ အဆင်မပြေသောနှစ်တွင်မူ ဝင်ငွေမကောင်းပါ။ အခြားလုပ်ငန်းများဖြစ်သော တွင်ခုံ၊ ဂဟေဆက် သံသေတ္တာ၊ အစိုးရဝန်ထမ်းလုပ်ကိုင်သူတို့၏ စီးပွားရေးမှာ အသင့်အတင့်သာဖြစ်ပါသည်။

### ပညာရေး

ကန်ပုံးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ထို့ကြောင့် မူလတန်းပညာတတ်မြောက်ရန်အတွက် အခက်အခဲမရှိသော်လည်း အလယ်တန်းနှင့်အထက်တန်းပညာများသင်ယူရန်မှ မိဘများလုပ်ကိုင်သည့် လုပ်ငန်းများအပေါ်တွင် မူတည်နေပါသည်။ တောင်သူများ၏ သားသမီးများမှာလည်း မိဘများက အလုပ်မနိုင်ခြင်း၊ တောင်သူလုပ်ငန်းများ အဆင်မပြေခြင်းစသည့် အခက်အခဲများကြောင့် ၎င်းတို့၏ သားသမီးအားလုံးပညာတတ်မြောက်ရန်အတွက် မဖြစ်နိုင်ပါ။ နေ့စားလုပ်ငန်းလုပ်ကိုင်သော မိဘများ၏ သားသမီးများမှာမူ မူလတန်းအောင်မြင်ပြီးနောက် ကျောင်းထွက်ရသည်ကများပါသည်။ အခြားလုပ်ငန်းများဖြစ်သည့် တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ ဝန်ထမ်းစသည့် လုပ်ငန်းများလုပ်ကိုင်သည့် မိဘများ၏ သားသမီးအများစုသာ ဘွဲ့ရသည်အထိ ပညာသင်ခွင့်ရကြပါသည်။

### ကျန်းမာရေး

ကျန်းမာရေးအနေဖြင့်ရာတွင် တပေါင်း၊ တန်ခူးလတွင် နေပူအားကြီးသောကြောင့် မျက်စိနာကြပါသည်။ နယုန်နှင့်ဝါဆိုလတွင် မိုးကျပြီးဖြစ်သဖြင့် နှာစေးချောင်းဆိုးခြင်းတို့ ဖြစ်ကြပါသည်။ ဝါခေါင်နှင့် တော်သလင်းလများတွင် မိုးဦးကျစဉ်က ပေါင်းမြက်များမှာလည်း ရှည်လာပြီဖြစ်သဖြင့် ခြင်းများပေါလာသောကြောင့် ကလေးများသွေးလွန်တုပ်ကွေးဖြစ်ကြပါသည်။ သီးတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင် သာမန်ဖျားနာကြပါသည်။ နတ်တော်၊ ပြာသိုလ်၊ တပို့တွဲလများတွင်မူ ကန်ပုံးရွာသည် မြန်မာနိုင်ငံ

အလယ်ပိုင်း မိုးခေါင်ရေရှားဒေသတွင်ရှိခြင်းတို့ကြောင့် နိုက်နိုက်တုန်အောင် အချမ်းဒဏ်ကို ခံစားရပါသည်။ မိုးအလွန်ခေါင်သောနှစ်များတွင်မူ ရွာရှိရေတွင်းရေကန်များမှာ ရေခန်းခြောက်နေပြီးဖြစ်သောကြောင့် အခြားရွာများသို့သွားရောက်၍ ရေခပ်ကြရပါသည်။ ထိုရေများမှာလည်း အမှုန်၊ အမွှားများပါ၍ ရာနှုန်းပြည့်မသန့်စင်ပါ။ ထို့ကြောင့် သောက်ရေသန့်ရရှိရန်လည်း လိုအပ်ပါသည်။

ဘာသာရေး

ဘာသာရေးအနေဖြင့် ရွာတွင် တန်ခူးလ၌ မြန်မာတို့၏ အစဉ်အလာဖြစ်သော သင်္ကြန်ရေသဘင်ပွဲတော်ကို ဆင်နွှဲကြပါသည်။ ၎င်းပြင် လူကြီးမိဘများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းများကို ဖြတ်ပေးခြင်းတို့ကိုလည်း လူငယ်များမှပြုလုပ်ပေးပါသည်။ ကဆုန်နှင့်နယုန်လများတွင်မူ ပွဲတော်မရှိပါ။ ဝါဆိုမှ တော်သလင်းလများတွင် ဘုန်းတော်ကြီးများအား ဝါဆိုသင်္ကန်းကို ဆပ်ကပ်လှူဒါန်းကြပါသည်။ သီတင်းကျွတ်လတွင်မူ လူကြီးမိဘများကို မိမိတို့တတ်နိုင်သမျှကန်တော့ကြပါသည်။ တန်ဆောင်မုန်းလတွင်မူ ရွာရှိအိမ်တိုင်းပင်ပျော်ပွဲစားကြပါသည်။ နတ်တော်နှင့်ပြာသိုလတို့တွင်မူ ပွဲတော်မရှိကြပါ။ တပို့တွဲလတွင် ရွာ၏တစ်နှစ်တစ်ခါကျင်းပမြဲဖြစ်သော ဘုရားပွဲတော်ကို ကျင်းပပါသည်။ ဘုရားပွဲတော်တွင် ပြည်တွင်းရပ်ဝေးသို့ သွားရောက်လုပ်ကိုင်ကြသောသူများမှာလည်း ရွာသို့ပြန်လာပြီး မိမိတို့တတ်နိုင်သော လှူဖွယ်ပစ္စည်းများကို ဘုန်းတော်ကြီးများအား လောင်းလှူကြပါသည်။ တပေါင်းလတွင်မူ မည်သည့်ပွဲတော်မှမရှိပါ။

လူမှုရေး

ကန်ပူးရွာတွင် လူမှုရေးအနေဖြင့် ရွာရှိ အလှူပွဲ၊ မင်္ဂလာပွဲ၊ ဘုရားပွဲ၊ သာရေး၊ နာရေးကိစ္စများတွင် ရွာရှိ လူကြီး၊ လူငယ်များအားလုံး ပါဝင်ကူညီဆောင်ရွက်ပေးကြပါသည်။ ထိုပွဲများတွင် အမျိုးသားများမှာ အချက်အပြုတ်၊ ရေစည်လှည်းတိုက်ခြင်း၊ မဏ္ဍာဆောက်ခြင်း၊ မီးစက်ငှားရမ်းခြင်း စသည့်ကိစ္စရပ်များကို တာဝန်ယူလုပ်ကိုင်ကြပါသည်။ အမျိုးသမီးများမှာ အမှိုက်လှဲခြင်း၊ သောက်ရေအိုးဖြည့်ခြင်း၊ ဖျာ၊ အိုးခွက်၊ ပန်းကန်များ ငှားရမ်းခြင်းတို့ကို လုပ်ဆောင်ကြပါသည်။ ပန်းကန်ဆေးခြင်းကိုမူ အမျိုးသားရော၊ အမျိုးသမီးများပါ တစ်လှည့်စီ လုပ်ကိုင်ကြပါသည်။

CamScanner

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ရာသီခွင်ပြဇယား မှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်၊ ။ရာသီခွင်ပြမြေပုံရေးဆွဲခြင်း

နေ့စွဲ၊ (၂၆.၁၂.၂၀၁၆) အစည်းအဝေးစတင်ချိန် (၁း၃၀)

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် (၃း၃၀)

ပံ့ပိုးသူ၏အမည် - ဝင်းမိုးမိုးအေး အစည်းအဝေးကြာချိန် (၂)နာရီ

ဆွေးနွေးသည့်အကြောင်းအရာများ - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``ရာသီခွင်ပြမြေပုံ´´ရေးဆွဲရာတွင် ကျေးရွာလက်စွဲစာအုပ်သင်တန်းတက်ရောက်ထားသော ဦးရွှေမြနှင့် ကိုနေလင်းအောင်မှ မိမိတို့ရွာတွင် ဆယ့်နှစ်လရာသီစိုက်ပျိုးသော သီးနှံ၊ ကျရောက်သောပိုးမွှား၊ မွေးမြူသောတိရိစ္ဆာန်၊ လူများတွင်ဖြစ်ပွားသောရောဂါများကို လအလိုက်ရေးရမည်ဟု ရွာသားများအားရှင်းပြပါသည်။ ထို့နောက်တွင် ဇယားဆွဲသူကိုနေလင်းအောင်မှ တန်ခူးလမှ တပေါင်းလထိ စိုက်ပျိုးရိတ်သိမ်းသည့် သီးနှံများကို အစဉ်လိုက်ပြောရန် ရွာသားများအားပြောသောအခါ ဦးတင်ဦးနှင့် ဦးမြတ်ထွန်းမှ တန်းခူးလမှာတော့ လယ်ယာတွေကို ထွန်ယက်ထားတာပေါ့ကွာ၊ ကဆုန်လမှာတော့ မျိုးစေ့လေးတွေချတယ် နယုန်လမှာတော့ မိုးလေးနည်းနည်းကျတော့ အပင်လေးတွေစပေါက်တာပေါ့၊ ဝါဆိုလမှာတော့ အပင်တွေကကြီးလာတော့ ပေါင်းမြက်တွေကို ရှင်းတာပေါ့ ဝါခေါင်လမှာတော့ သီးနှံတွေကို ရိတ်သိမ်းရတာပေါ့ကွာ တစ်ခါ ဝါခေါင်လမှာပဲ ပြောင်း၊ စပါးတို့ပြန်စိုက်တယ်၊ တော်သလင်းလမှာတော့ နောက်နှမ်းကို စိုက်တယ်၊ နေကြာနဲ့ ကုလားပဲကိုတော့ သီးတင်းကျွတ်လမှာ စိုက်တယ် ကျန်တဲ့ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလတွေမှာတော့ စိုက်ပျိုးထားတဲ့ သီးနှံတွေကို ရိတ်သိမ်းကြတယ်ဟု စိတ်ရှည်စွာဖြင့် မနားတမ်းပြောပြနေလေ၏။ ထို့နောက် ဇယားဆွဲသူမှ မွေးမြူရေးကရော ဘာတွေရေးရမှာလဲဟု မေးသောအခါ ရွာမှမွေးတဲ့တိရိစ္ဆာန်တွေကတော့ မင်းတို့သိတဲ့အတိုင်းပဲ နွား၊ ကြက်၊ ခွေးတို့ပေါ့ကွာဟု ဦးရဲသန့်မှ ပြောလေ၏။ လူရောဂါတွေကရောဟု ဇယားဆွဲသူမှ မေးသောအခါ တန်ခူးနဲ့ ကဆုန်လမှာတော့ မျက်စိနာကျတယ်ကွဲ့ဟု ဒေါ်ခင်စန်းမှပြောလေ၏။ နယုန်နဲ့ ဝါဆိုလမှာတော့ မိုးလေးတွေကျပြီဆိုတော့ နာစေး၊ ချောင်းဆိုးတာတွေလည်း ရှိတာပေါ့ဟု ဒေါ်မိုးမိုးမျ ပြောလေ၏။ ဝါခေါင်နှင့် တော်သလင်းလတွေမှာတော့ အချို့ကလေးတွေ သွေးလွန်တုပ်ကွေးတို့ ဘာတို့ဖြစ်တော့ ဆေးရုံ၊ ဆေးခန်းကို သွားပြကြရတဲ့သူတွေလည်း ပြတာပေါ့ကွာဟု ဒေါ်အေးလွင်မှပြောလေ၏။ ကျန်တဲ့လတွေမှာတော့ ဒီလိုပဲ ဖျားတာနာတာလေးတွေတော့ ရှိတာပေါ့ကွာဟု ဘကြီးကျန်မှ ပြောလေ၏။ ဇယားဆွဲသူက ရွာမှလူကြီးများပြောသည့်အတိုင်း လိုက်ဆွဲနေလေ၏။ ထို့နောက် ဇယားဆွဲသူမှ ရေရရှိမှုကရောဟု မေးသောအခါ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်လများမှာတော့ ရွာနီးချင်းရေရှိတဲ့ ရွာတွေမှာ နွားရှိတဲ့အိမ်တွေကတော့ နွားလှည်းနဲ့၊ နွားမရှိတဲ့အိမ်တွေကတော့ စက်ဘီး၊ ဆိုင်ကယ်၊ ခြေလျှင်ခေါင်းရွက်၊ ဆိုင်းထမ်းစသဖြင့် ရေသွားပြီးခပ်ရတာပေါ့ဟု ဦးပေါလိှုင်မှာ ပြော၏။ ဝါဆိုနဲ့ ဝါခေါင်လတွေမှာတော့ မိုးနည်းနည်းကျတော့ ရွာမှာရှိတဲ့ရေတွင်း၊ ရေကန်တွေမှာ ခပ်လို့တော့ရတာပေါ့ကွာဟု ဒေါ်သန်းအေးမှပြောလေ၏။ တော်သလင်း၊ သီးတင်းကျွတ်နဲ့ တပို့တွဲလတွေမှာလည်း ရွာကရေတွင်းရေကန်တွေမှာပဲ ခပ်တာပေါ့ကွာဟု ဒေါ်လှဆွေမှ ပြောလေ၏။ ဇယားဆွဲသူမှလည်း ထိုအတိုင်းလိုက်ရေးလေ၏။ ရာသီဥတုအခြေအနေကကောဟု ဇယားဆွဲသူမှ မေးပြန်ရာ တပေါင်း၊ တန်ခူး၊ ကဆုန်လတွေမှာတော့ နေက ချစ်ချစ်တောက်ပူတယ်၊ နယုန်၊ ဝါဆို၊ လတွေမှာတော့ မိုးလေရွာလိုက်၊ နေလေပူလိုက်ပေါ့ကွာ၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လတွေမှာ

CamScanner

နိုးက သည်းတဲ့နှစ်ကျလည်း သည်းတယ် မသည်းတဲ့နှစ်ကျလည်း မသည်းဘူးပေါ့ အဲ တန်ဆောင်မုန်းလမှာတော့ နည်းနည်းအေးလာပြီ နတ်တော်၊ ပြာသို၊ တပို့တွဲလတွေမှာကတော့ အတော်ကိုအေးတာပေါ့ကွာဟု ရွာသားများမှ အစဉ်လိုက်ပြောနေလေ၏။ ဖယားဆွဲသူမှလည်း ထိုအတိုင်းပဲ ပုံလေးများဖြင့် သရုပ်ဖော်ရေးဆွဲနေလေ၏။

ထို့နောက်တွင် ပညာရေးအကြောင်းလည်း မေးပြန်ရာ တပေါင်း၊ တန်ခူး၊ ကဆုန်မှာတော့ ကျောင်းတွေကပိတ်ထားတယ် နယုန်လမှာတော့ ပြန်ဖွင့်တယ် အဲဒီကြားထဲကလတွေလည်း ဖွင့်တာပေါ့ကွာ တပို့တွဲလအထိ ဖွင့်တာပေါ့ အဲတော့ ကျောင်းပိတ်တဲ့အချိန်ဆို ကျောင်ပိတ်တဲ့ပုံလေး၊ ဖွင့်တဲ့အချိန်ကျ ဖွင့်တဲ့ပုံလေးဆွဲလိုက်ပေါ့ကွာဟု ဦးစိန်လင်းမှပြောလေ၏။ ထိုအတိုင်းပဲ ဖယားဆွဲသူမှလည်း ပုံဆွဲနေလေ၏။ ငှင်းပြင် ပွဲတော်အကြောင်းဖယားဆွဲသူမှ မေးမြန်းရာ တန်ခူးလမှာတော့ ပိတောက်ခက်လေးနဲ့ရေခွက်လေးဆွဲပေါ့ အဲချိန်ကျ သင်္ကြန်ပွဲဆိုတော့ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်နဲ့ တော်သလင်းလ တွေမှာတော့ ဘာပွဲမှ မရှိတော့ ဒီအတိုင်းလေးပဲပေါ့ကွာ သီးတင်းကျွတ်ကျတော့ လူကြီးတွေကန်တော့ကျတဲ့အခါကျ အဲပုံလေးဆွဲပေါ့ တန်ဆောင်မုန်းကျတော့ လူငယ်တွေ ပျော်ပွဲစားတဲ့ခါကျ အဲပုံလေးထည့်ပေါ့ နတ်တော်၊ ပြာသိုလတွေကျ ဘာပွဲမှ မရှိဘူး တပို့တွဲလမှာတော့ ရွာဘုရားပွဲရှိတယ်ဆိုတော့ ဘုရားစေတီပုံလေးဘာလေးလည်းဆွဲလိုက်ဦးဟု ရွာသားများကပြောလေ၏။ ထို့နောက်တွင် နေ့စားအလုပ်သမားများ၏ ဝင်ငွေထွက်ငွေများကို ဖယားဆွဲသူကမေးရာ ဝင်ငွေကတော့ တပေါင်း၊ တန်ခူးမှာတော့ သီးနှံတွေအကုန်ရိတ်သိမ်းပြီးပြီ ဝါဆို၊ ဝါခေါင်နဲ့ တော်သလင်းမှာက မိုးကရွာနေတာဆိုတော့ အဲဒီလတွေမှာက ၂၅၀၀၀ နဲ့ ၅၀၀၀၀ကြားပဲရှိတယ်။ ကျန်တဲ့လတွေမှာကတော့ ၄၀၀၀၀ နဲ့ ၇၀၀၀၀ ကြားမှာရှိတယ်။ ထွက်ငွေကတော့ တန်ခူး၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းနဲ့ တပို့တွဲလတွေမှာ ၈၀၀၀၀နဲ့ပ ၁၀၀၀၀၀ အထက်မှာရှိတယ်။ ကျန်တဲ့လတွေမှာကတော့ ထွက်ငွေက ၅၀၀၀၀ နဲ့ ၈၀၀၀၀ ကြားမှာရှိတယ်ဟု ရွာသားများမှပြောပြလေ၏။ ထိုအတိုင်းပင်ဖယားဆွဲသူမှ လိုက်ရေးလေ၏။ တဆက်တည်းပင် ဖယားဆွဲသူမှ တောင်သူများ၏ ဝင်ငွေ၊ ထွက်ငွေများကို မေးရာ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆိုလတွေမှာတော့ ၅၀၀၀၀နဲ့ ၁၂၀၀၀၀ ကြားမှာရှိတယ်။ ကျန်တဲ့လတွေမှာတော့ ၂၅၀၀၀၀ နဲ့ပ ၅၅၀၀၀၀ကြားမှာ ရှိတယ်။ ထွက်ငွေကတော့ တန်ခူး၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့တွဲလတွေမှာ ၈၀၀၀၀ကနေ ၂၅၀၀၀၀ကြားမှာရှိတယ်ဟု ရွာသားများပြောလေ၏။ ဖယားဆွဲသူမှ ထိုတိုင်းရေးလိုက်ပြီး ရွှေ့ပြောင်းလုပ်သားများကိုမေးရာ တန်ခူးနဲ့ တပို့တွဲလတွေမှာတော့ ၁၀ ယောက်လောက်တော့ရှိတယ် အခြားလတွေမှာတော့ မရှိဘူး ဟု ရွာသားများမှ ပြောလေ၏။ ထိုအတိုင်းပင် ဖယားဆွဲသူမှ လိုက်ရေးပြီး အစည်းအဝေးကို ရပ်နားလိုက်ပါသည်။

(ဝင်းမိုမိုအေး)

CamScanner

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးဇော်ရှင်း | | ၂ | ဦးမာ | |
| ၃ | ဦးလှွန်းနိုင် | | ၄ | ဦးချစ်ဆွေ | |
| ၅ | ဦးသိန်းအေး | | ၆ | ဒေါ်အေးလှိုင် | |
| ၇ | ဒေါ်ဆိုး | | ၈ | ဒေါ်ကျင်သန်း | |
| ၉ | ဒေါ်ခင်စန်း | | ၁၀ | ဦးတောင်ရိုး | |
| ၁၁ | ဦးပေါ်လှိုင် | | ၁၂ | ဦးကျွန် | |
| ၁၃ | ဒေါ်မြရီ | | ၁၄ | ဦးမြတ်ထွန်း | |
| ၁၅ | ဦးအုံးခင် | | ၁၆ | ဒေါ်ရိုးမိုး | |
| ၁၇ | ဒေါ်ခင်တင့် | | ၁၈ | ဒေါ်ညိုမွေ | |
| ၁၉ | ဒေါ်မာရီ | | ၂၀ | ဦးဇော်ဝင်း | |


မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ငွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပုံးကျေးရွာ၏

လျှပ်စစ်မီးမရှိသည့် ပြဿနာသစ်ပင်

1.7.17



# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏ လျှပ်စစ်မီးမရရှိသည့် ပြဿနာသစ်ပင် အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး။ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်၊ ဘွဲ့ရဦးရေ (၂၃)ဦးရှိပါသည်။ အများစုမှာ တောင်သူ လုပ်ကိုင်ကြပါသည်၊ အခြား လူများမှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား။ အစိုးရ ဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်၊

## စီးပွားရေး

ကန်ပူးရွာတွင် လူဦးရေ၏ (၇၀%)မှာ တောင်သူလုပ်ကိုင်ကြပါသည်။ (၃၀%)မှာ အစိုးရဝန်ထမ်း။ လယ်ကူလီ၊ သူရင်းငှား၊ တွင်ခုံ၊ ဂဟေဆက်၊ သံတွေ့ာ၊ ထန်းလုပ်သား။ ပြည်တွင်း။ ရွှေ့ပြောင်းလုပ်သားများ အဖြစ် လုပ်ကိုင်ကြပါသည်။ တောင်သူလယ်သမားများမှာလည်း မိုးလေဝသကို မှီခို၍ လုပ်ကိုင်ရခြင်း။ အခြားလုပ်ငန်းလုပ်ကိုင်သောသူများမှာလည်း ပုံမှန်ဝင်ငွေမျှသာရရှိခြင်းတို့ကြောင့် ရွာ၏ စီးပွားရေးမှာ တောင့်တင်းမှုမရှိလှပါ။ ထို့ကြောင့် ရွာတွင် လျှပ်စစ်မီးရရှိလျှင် လျှပ်စစ်မီးဖြင့် လုပ်ရသည့် လုပ်ငန်းများဖြစ်သော တွင်ခုံ၊ ဂဟေဆက်၊ ဖုန်းပြင်၊ အမှုန့်ကြိတ်စက်၊ ဆီစက်စသဖြင့် တနိုင်တပိုင်လုပ်ငန်းငယ်လေးများ ထူထောင်ခြင်းဖြင့် ရွာသားများ၏ စီးပွားရေးမှာ ပိုမိုအဆင်ပြေလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရွာတွင် လျှပ်စစ်မီးရရှိရန် လိုအပ်လှပါသည်။ သို့မှသာ ညအချိန်၌ လက်နှိပ်မီးဆောင်ရခြင်း။ ဖယောင်းတိုင်ထွန်းရခြင်းတို့မှ အချိန်ကုန်၊ ငွေကုန်ခြင်း သက်သာပြီး မသန်းစွမ်းသူများအတွက်လည်း အဆင်ပြေနိုင်ပါမည်။

## ပညာရေး

ကန်ပူးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ရွာရှိ ဆရာ/ဆရာမအများစုမှာလည်း ကျေးရွာများမှ ဖြစ်သောကြောင့် ပုံမှန်သင်ရိုးညွှန်းတမ်းများဖြင့်သာ ကျောင်းသားများကို စာသင်ကြားနိုင်ခြင်း။ TV Channel များမှ ထုတ်လွှင့်သောကလေးများ ပျော်ရွှင်စေနိုင်သည့် ဂိမ်းကစားခြင်းနည်းဖြင့် သင်ကြားခြင်း၊ ကဗျာလေးများ ရွတ်ဆို၍ သင်ကြားခြင်းစသဖြင့် ခေတ်နှင့်အညီသင်ကြားနည်းစနစ်များကို ကြည့်ရှုခွင့် မရကြပါ။ ထို့ကြောင့် ရွာတွင် လျှပ်စစ်မီးရရှိရန် လိုအပ်လှပါသည်။ သို့မှသာ ကျောင်းသား/ကျောင်းသူများမှာလည်း ကျောင်းနေပျော်၍ စာတော်ကြမည်ဖြစ်ပါသည်၊

## ကျန်းမာရေး

ကန်ပူးကျေးရွာတွင် ဆေးပေးခန်း မရှိပါ။ ထို့ကြောင့် ရွာသားများ နာမကျန်းဖြစ်လျှင် အုပ်စုရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ပြသရပါသည်၊ အချို့မှာ ရွာရှိဆေးမြီးတို၊ ဝိဇ္ဇာဆရာများနှင့် လည်း ကုသကြရပါသည်။ အကြောင်းမှာ ရွာတွင် လျှပ်စစ်မီးမရရှိခြင်းကြောင့် TV များမှ ထုတ်လွှင့်သော ကျန်းမာရေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များ ကြိုတင်ကာကွယ်ခြင်းနည်း စနစ်များသိရှိခွင့်နည်းပါးသောကြောင့် ရောဂါဖြစ်ပွားလျှင်လည်း ကုသဖို့ရန်အနည်းငယ်ခက်ခဲလှပါသည်။ ငှင်းပြင် အချိန်နှင့်တပြေးညီ ထုတ်လွှင့်သော မိုးလေဝသသတင်းများကို မသိရှိရခြင်းအတွက် လေဘေး။ ရေဘေး၊ ငလျှင်ဘေးတို့မှလည်း တစ်ခါတစ်ရံ ခံစားကြရပါသည်၊ ထို့ကြောင့် မလိုအပ်ဘဲ နေအိမ်များပျက် စီးဆုံးရှုံးခြင်းကြောင့် အချိန်ကုန်၊ လူပင်ပမ်းခြင်းတို့ဖြစ်ကြရပါသည်၊ မသန်းစွမ်းများအတွက်လည်း ခက်ခဲလှပါသည်။ ထို့ကြောင့် လျှပ်စစ်မီးရရှိရန် လိုအပ်လှပါသည်၊

ဘာသာရေး

ကန်ပူးရွာ၏ တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်းရှိပါသည်။ လဆန်း(၈)ရက်၊ လပြည့်၊ လကွယ်နေ့များတွင် ရွာရှိလူကြီးများသည် ဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်သီလဆောက်တည်ရန်အတွက်သွားကြပါသည်။ ဘုန်းတော်ကြီးကျောင်းတွင်လည်း လျှပ်စစ်မီးမရှိသေးပါ။ ၄င်းပြင် ဘုန်းတော်ကြီးကျောင်းမှာ ရွာနှင့် (၇)ဖာလုံခန့်တွင် ရှိသောကြောင့် အလှမ်းဝေးနေပြီး ညအချိန်၌ သူခိုးများလည်း ကပ်နိုင်ပါသည်။ ရွာမှ လူများမှာလည်း ညစဉ်သွားစောင့်ရှောက်ရန်အတွက်လည်း မလွယ်ကူလှပါ။ ထို့ကြောင့် ဘုန်းကြီးကျောင်းတွင်လည်း လျှပ်စစ်မီး ရရှိရန် လိုအပ်လှပါသည်။

လူမှုရေး

ကန်ပူးရွာတွင် အလှူအတန်းများ၊ ဘုရားပွဲများ၊ သာရေး၊ နာရေးစသည့် လူမှုရေးကိစ္စများဆောင်ရွက်ရာတွင် လျှပ်စစ်မီးမရှိသောကြောင့် မီးစက်များငှားရမ်းရခြင်း၊ မီးအတွက် လိုအပ်သည့် ပစ္စည်းများငှားရမ်းရခြင်းကြောင့် အချိန်ကုန်ခြင်း၊ လူပင်ပမ်းခြင်းစသည့် ဒုက္ခများစွာ ဖြစ်ရပါသည်။ ပစ္စည်းများငှားရခြင်းကြောင့် ငွေကုန်ကြေးကျ များပါသည်။

ထို့ကြောင့် လျှပ်စစ်မီးမရှိသည့် ပြဿနာသည် ကျေးရွာရှိ ပြည်သူလူထုအတွက်များစွာ ထိခိုက်နစ်နာကြရပါသည်။

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``လျှပ်စစ်မီး မရရှိသည့်ပြဿနာ´´ အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ ။လျှပ်စစ်မီး မရရှိသည့်ပြဿနာ

နေ့စွဲ၊ (၁.၁.၂၀၁၇) အစည်းအဝေးစတင်ချိန် (၁း၃၀)

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် (၃ း၃၀)

ပံ့ပိုးသူ၏အမည် - ဝင်းမိုးမိုးအေး အစည်းအဝေးကြာချိန် (၂)နာရီ

**ဆွေးနွေးသည့်အကြောင်းအရာများ** - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``လျှပ်စစ်မီး မရရှိသည့်ပြဿနာ´´အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရွာသားများအား ရှင်းပြပါသည်။ ထို့နောက်တွင် ဦးပေါလိုင်မှ လျှပ်စစ်မီးမရရှိခြင်း၏ အဓိက အကြောင်းရင်းကတော့ ငွေကြေးအခက်အခဲကြောင့်ဟု ပြောပါသည်။ ဘကြီးကျန်မှလည်း နိုင်ငံတော်မှ အထောက်အပံ့ မရရှိသေးတော့ ကိုယ်ထူကိုယ်ထစနစ်နဲ့ကျ ရွာသားတွေက ဘယ်လိုလုပ် တတ်နိုင်မှာလဲဟု ပြောလေ၏။ ပံ့ဆွဲသူ ကိုနေလင်းအောင်မှလည်း ၎င်းတို့ပြောသည့် အချက်အလက်များကို ပံ့ထဲတွင်ရေးမှတ်နေလေ၏။ ထိအချိန်တွင် ဦးရဲသန်းမှလည်း လျှပ်စစ်မီးရရှိဖို့အတွက်ဆိုပြီး ဦးဆောင်ပြီးတော့ လုပ်မည့်သူကလည်း ငါတို့ရွာမှာက မရှိဘူးကွဟု ပြောလေ၏။ ၎င်းပြင် ဒေါ်နွဲ့ဝေမှလည်း တကယ်လို့ဦးဆောင်မည့်သူရှိရင်လဲ ဒီလိုလုပ်ရင်ကောင်းတယ် ဟိုလိုလုပ်ရင်ကောင်းတယ်ဆိုပြီး တစ်ယောက်တစ်ပေါက်နဲ့စည်းလုံးညီညွတ်မှုကလည်း နည်းတယ်ဟု ပြောလေ၏။ ပံ့ဆွဲသူမှလည်း ၎င်းတို့ပြောသည့်အချက်များကို ပံ့ထဲတွင်ရေးမှတ်နေလေ၏။ ထို့ပြင် ဒေါ်ခင်စန်းမှလည်း ရွာမှာကစီးပွားရေးတောင့်တင်းသူကလည်း မရှိဘူးကွ တကယ်လို့ စီးပွားရေးတောင့်တင်းတဲ့သူရှိရင် အဲဒီလူက ကမကထအလှူငွေဘယ်လောက်ဆိုပြီး ထည့်ရင်တော့ ကျန်တဲ့လူတွေအတွက်က မီးရဖို့အတွက် ပိုက်ဆံကိုနည်းနည်းပဲ ကျန်ရတော့မှာဆိုတော့ နီးစပ်တာပေါ့ဟု ပြောလေ၏။ ပံ့ဆွဲသူမှလည်း ဒေါ်ခင်စန်းပြောသည့်အတိုင်းပင် လိုက်၍ရေးလေ၏။ ၎င်းပြင် ဒေါ်အေးလွင် မှလည်း ရွာမှာ ``ပရဟိတအသင်း´´ ထူထောင်ရန်လည်း လိုအပ်တာပေါ့ ဒါမှ အခြားရွာကလူတွေရဲ့ အခက်အခဲကိုလည်း ကူညီနိုင်ပြီး ကိုယ့်ရွာမှာ အခက်အခဲရှိရင်လည်း အကူအညီတောင်းခံဖို့ လွယ်ကူတာပေါ့ဟု ပြောလေ၏။ ပံ့ဆွဲသူမှလည်း ဒေါ်အေးလွင်ပြောသော အချက်အလက်များကို ပံ့ထဲတွင်ရေးမှတ်လေ၏။ အချက်အလက်များကို ရေးမှတ်ပြီးသောအခါ အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

(ဝင်းမိုးမိုးအေး)

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးကျန် | | ၂ | ဦးပေါလိုင် | |
| ၃ | ဦးရဲသန်း | | ၄ | ဦးတင်စိုး | |
| ၅ | ဦးရွှေမြ | | ၆ | ဦးမြတ်ထွန်း | |
| ၇ | ဒေါ်နွဲ့ဝေ | | ၈ | ဒေါ်အေးလွင် | |
| ၉ | ဒေါ်ခင်စန်း | | ၁၀ | ဒေါ်လုံးစိန် | |
| ၁၁ | ဒေါ်သန်းအေး | | ၁၂ | ဒေါ်ကျင်းသန်း | |
| ၁၃ | ဒေါ်တင်ရှိန် | | ၁၄ | ဒေါ်မိုးမိုး | |
| ၁၅ | ဦးစိန်လင်း | | ၁၆ | ဦးဇော်ဝင်း | |
| ၁၇ | ဒေါ်မာရီ | | ၁၈ | | |
| ၁၉ | | | ၂၀ | | |


မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

``လျှပ်စစ်မီးမရှိသည့် ပြဿနာသစ်ပင်ဖြေရှင်းမှုစက်ကွင်း´´

၁.၁.၂၀၁၇



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

``လျှပ်စစ်မီးမရှိသည့် ပြဿနာသစ်ပင်ဖြေရှင်းမှုစက်ကွင်း''အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး၊ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်။ ဘွဲ့ရဦးရေ (၂၃)ဦးရှိပါသည်။ အများစုမှာ တောင်သူလုပ်ကိုင်ကြပါသည်။ အခြား လူများမှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား၊ အစိုးရဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

**စီးပွားရေး**

ကန်ပူးရွာတွင် အများစုမှာတောင်သူလုပ်ကိုင်ကြပါသည်။ အခြားသူများမှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား၊ အစိုးရဝန်ထမ်းစသဖြင့် လုပ်ကိုင်ကြပါသည်။ ထို့ကြောင့် ရွာရှိလုပ်ငန်းများ၏ အများစုမှာ လူ၏ခွန်အားကို အသုံးပြု၍ လုပ်ကိုင်ရသောလုပ်ငန်းများဖြစ်ပါသည်။ ထို့ကြောင့် ရေရှည်တွင် ရွာသားများ၏ကျန်းမာရေးအတွက် မကောင်းလှပါ။ ထို့ကြောင့် ရွာတွင် လျှပ်စစ်မီးရရှိလျှင် ဖုန်းပြင်ခြင်း၊ ဂဟေဆက်၊ တွင်ခုံ၊ အမှုန့်ကြိတ်စက်၊ ဆီစက်စသဖြင့် ထိုလုပ်ငန်းများကိုအစားထိုးလုပ်ကိုင်ခြင်းဖြင့် ရွာ၏စီးပွားရေးမှာလည်း ပိုမိုအဆင်ပြေလာပြီး၊ အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်းစသည့်တို့မှလည်း ကင်းဝေးနိုင်ပါသည်။

**ပညာရေး**

ကန်ပူးရွာတွင် မူလတန်းကျောင်းရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာများကိုမူ မြိုင်မြို့သို့ သွားရောက်၍ပညာသင်ကြားရပါသည်။ ရွာတွင် လျှပ်စစ်မီးမရရှိသေးသဖြင့် ကျောင်းသားများညအချိန်၌ စာကြည့်သည့်အခါတွင် အများစုမှာဖယောင်းတိုင်ကိုသာ အသုံးပြုနေရပါသည်။ ၎င်းပြင် မိဘများမအားလပ်သည့်အချိန်တွင် ကျောင်းသားများမှာ ထမင်းဟင်းများကိုလဲ ကူညီချက်ပြုတ်ရပါသည်။ထို့ကြောင့် မီးဘေးအန္တရာယ်အတွက် စိုးရိမ်ရပါသည်။ အကယ်၍ လျှပ်စစ်မီးသာရရှိပါက အချိန်တိုအတွင်းချက်ပြုတ်နိုင်သောကြောင့် လူကြီးမိဘများမှာ ကိုယ်တိုင်ချက်ပြုတ်နိုင်သောကြောင့် မီးဘေးအန္တရာယ်အတွက် မစိုးရိမ်ရသည့်အပြင်၊ ဖယောင်းတိုင်ဝယ်ရခြင်း၊ ထင်းဝယ်ရခြင်းတို့မှ ကင်းဝေးပြီးအချိန်ကုန်ခြင်း၊ ငွေကုန်ခြင်း၊ လူသက်သာခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

**ကျန်းမာရေး**

ကန်ပူးကျေးရွာတွင် ဆေးပေးခန်း မရှိပါ။ ထို့ကြောင့် ရွာသားများ နာမကျန်းဖြစ်လျှင် အုပ်စုရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ပြသရပါသည်။ အချို့မှာ ရွာရှိဆေးမြီးတို၊ ဗိန္ဓောဆရာများနှင့်လည်း ကုသကြရပါသည်။ ရွာတွင်လျှပ်စစ်မီးရရှိလျှင် TV များမှ ထုတ်လွှင့်သော ကျန်းမာရေးနှင့်ပတ်သက်သည့်ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို သိရှိခွင့်ရသည့်အတွက် ရောဂါဖြစ်ပွားမှုများမှာလည်း လျော့ကျသွားနိုင်ပါသည်။ ၎င်းပြင် မိုးလေဝသနှင့်ပတ်သက်သော သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိနိုင်သည့်အတွက် မလိုလားအပ်ဘဲ အအေးမိခြင်း၊ နာစေးခြင်း၊ နေမကောင်းခြင်း၊ လူနေအိမ်များပျက်စီးခြင်း၊ မသန်စွမ်းများထိခိုက်မှု အန္တရာယ်မှ ကင်းဝေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးတို့ကို ရရှိနိုင်ပါသည်။

CamScanner

ဘာသာရေး

ကန်ပူးရွာ၏ တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်းရှိပါသည်။ လဆန်း(၈)ရက်၊ လပြည့်၊ လကွယ်နေ့များတွင် ရွာရှိလူကြီးများသည် ဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်သီလဆောက်တည်ရန် အတွက်သွားကြပါသည်။ ဘုန်းတော်ကြီးကျောင်းတွင်လည်း လျှပ်စစ်မီးမရှိသေးပါ။ ထို့ကြောင့် ညအချိန်၌ သူခိုးများခိုကပ်နိုင်ပါသည်။ ထို့ကြောင့် လျှပ်စစ်မီးရရှိလျှင် သူခိုးများအန္တရာယ်မှလည်း ကင်းဝေးနိုင်ပါသည်။ ၎င်းပြင် ဘုရားစေတီပုထိုးများတွင် ညအချိန်၌ ဘုရားမီးပူဇော်ခြင်း၊ မီးများထွန်းခြင်းကြောင့် အဝေးမှမြင်ရသူအပေါင်းတို့မှာလည်း စိတ်နလုံးအေးချမ်းပြီး သပ္ပါယ်လှပါသည်။ ထို့ပြင် ရွာတွင်နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွာ၏ဘုရားပွဲတော်တွင်လည်း မီးစက်ငှားရမ်းရခြင်းကြောင့် ပိုက်ဆံကုန်ခြင်း၊ အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်း၊ ဆူညံသံဖြစ်ခြင်းစသည့်တို့လည်း မဖြစ်ပွားတော့ပါ။ ထို့ကြောင့် လျှပ်စစ်မီးရရှိရန်အတွက် လိုအပ်လှပါသည်။

လူမှုရေး

ကန်ပူးရွာတွင် အလှူအတန်းများ၊ ဘုရားပွဲများ၊ သာရေး၊ နာရေးစသည့် လူမှုရေးကိစ္စများဆောင်ရွက်ရာတွင် လျှပ်စစ်မီးမရှိသောကြောင့် မီးစက်များငှားရမ်းရခြင်း၊ မီးအတွက် လိုအပ်သည့် ပစ္စည်းများငှားရမ်းရခြင်းကြောင့် အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်းစသည့် ဒုက္ခများစွာ ဖြစ်ရပါသည်။ လျှပ်စစ်မီးမရှိသည့် ပြဿနာကို ဖြေရှင်းလိုက်မည်ဆိုလျှင် ၎င်းဒုက္ခများပြေလည်သွားမည်ဖြစ်ပါသည်။

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``လျှပ်စစ်မီး မရရှိသည့်ပြဿနာဖြေရှင်းမှုစက်ကွင်း'' အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ ။လျှပ်စစ်မီး မရရှိသည့်ပြဿနာဖြေရှင်းမှု

နေ့စွဲ၊ (၈.၁.၂၀၀၇) အစည်းအဝေးစတင်ချိန် (၁း၃၀)

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် (၃ း၃၀)

ပုံဝိုးသူ၏အမည် - ဝင်းမိုးမိုးအေး အစည်းအဝေးကြာချိန် (၂)နာရီ

ဆွေးနွေးသည့်အကြောင်းအရာများ - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``လျှပ်စစ်မီး မရရှိသည့်ပြဿနာ ဖြေရှင်းမှုစက်ကွင်း''အစည်းအဝေးပြုလုပ်ရာတွင် သင်တန်းတက်ရောက်ထားသူများမှ အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရွာသားများအား ရှင်းပြပါသည်။ ဦးရဲသန်းမှ ရွာတွင်လျှပ်စစ်မီးရရှိရန်အတွက် နိုင်ငံတော်၏အထောက်အပံ့တင်ပြ တောင်းခံခြင်းဖြင့်လည်း ရရှိနိုင်ပါသည်ဟုပြောလေ၏။ ဦးရွှေမြမှလည်း ပရဟိတအသင်းထူးထောင်ခြင်းဖြင့်လည်း အခြားရွာများမှ အကူအညီကိုရနိုင်သောကြောင့် လျှပ်စစ်မီးရရှိနိုင်သည်ဟု ပြောလေ၏။ ငှင်းပြင်ဘကြီးကျန်မှလည်း ကျေးရွာသူကျေးရွာသားများမှလည်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြင့်လည်း ရရှိနိုင်သည်ဟုပြောလေ၏။ ပုံဆွဲသူကိုနေလင်းအောင်မှလည်း ၄င်းတို့ပြောသော အချက်အလက်များကို ပုံထဲတွင်ရေးမှတ်နေလေ၏။ ထို့နောက်တွင် ဒေါ်အေးအေးလွင်မှလည်း ရွာမှ ပြည်တွင်း/ရပ်ဝေးသို့ အခြေချနေထိုင်ကြသော စီးပွားရေးတောင့်တင်းသူများမှ မတည်ငွေထည့်ပေးခြင်းဖြင့်လည်း လျှပ်စစ်မီးရရှိနိုင်သည်ဟု ပြောလေ၏။ ၄င်းပြင် ဒေါ်ကျင်သန်းမှလည်း အစိုးရမဟုတ်သော ပုဂ္ဂလိကအဖွဲ့အစည်းများဖြစ်သော NGO, INGO အဖွဲ့အစည်းများထံမှလည်း အလှူငွေတောင်းခံခြင်းဖြင့် လျှပ်စစ်မီးရရှိနိုင်သည်ဟုပြောလေ၏။ ပုံဆွဲသူမှလည်း ၄င်းတို့ပြောသောအချက်အလက်များကို ပုံထဲတွင် ရေးမှတ်နေလေ၏။ အချက်အလက်များရေးမှတ်ပြီးသောအခါ အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

(ဝင်းမိုးမိုးအေး)

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးတင်စိုး | | ၂ | ဦးရွှေမြ | |
| ၃ | ဘကြီးကျန် | | ၄ | ဦးရဲသန်း | |
| ၅ | ဦးတိုက်ကြီး | | ၆ | ဦးရှန် | |
| ၇ | ဒေါ်အေးလွင် | | ၈ | ဒေါ်ကျင်သန်း | |
| ၉ | ဒေါ်လုံးစိန် | | ၁၀ | ဒေါ်နီ | |
| ၁၁ | ဒေါ်အေးဝမ်း | | ၁၂ | ဦးရွှေမြ | |
| ၁၃ | ကိုနေလင်းအောင် | | ၁၄ | ဦးမြတ်ထွန်း | |
| ၁၅ | ဦးခင်မြေ့ | | ၁၆ | ဒေါ်မိုးမိုး | |
| ၁၇ | ဒေါ်တင်ရှိန် | | ၁၈ | ဒေါ်ခင်စန်း | |
| ၁၉ | ဒေါ်ဝင်းမြ | | ၂၀ | | |

မှတ်တမ်းလိုက်သူအမည်


ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

CS CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပုံးကျေးရွာ၏

## ရွာလယ်လမ်းမကောင်းသည့် ပြဿနာသစ်ပင်

15.1.2017



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

## ရွာလယ်လမ်း မကောင်းသည့်ပြဿနာသစ်ပင် အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး၊ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်။ ဘွဲ့ရဦးရေ (၂၃)ဦးရှိပါသည်။ အများစုမှာ တောင်သူ လုပ်ကိုင်ကြပါသည်။ အခြား လူများမှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား၊ အစိုးရ ဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

### စီးပွားရေး

ကန်ပူးကျေးရွာတွင် အဓိကအားဖြင့် တောင်သူလုပ်ကိုင်ကြပါသည်။ အခြားသူများမှာ လယ်ကူလီ၊ သူရင်းငှား၊ တွင်ခုံ၊ ဂဟေဆက်၊ သံတွေ့ာ၊ ပြည်တွင်း/ရပ်ဝေးဒေသများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် လည်း လုပ်ကိုင်ကြပါသည်။ တောင်သူလယ်သမားများ၏ စီးပွားရေးမှာ မိုးလေဝသကိုအားထားနေရခြင်း ကြောင့် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးပါ။ တောင်သူလယ်သမားများ၏ လုပ်ငန်းအပေါ်တွင် အမှီပြုနေသော လယ်ကူလီ၊ သူရင်းငှားတို့၏ စီးပွားရေးမှာလည်း ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးပါ။ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ အစိုးရဝန်ထမ်း စသည့်လုပ်ငန်းများ လုပ်ကိုင်သူတို့၏စီးပွားရေးမှာ နေ့စဉ်၊ လစဉ် ပုံမှန်ဝင်ငွေ ရှိသဖြင့် အနည်းငယ်ဖွံ့ဖြိုးမှုရှိပါသည်။ ရွာ၏ ရွာလယ်လမ်းမှာမကောင်းသည့်အတွက် ထိုလမ်းကိုဖြတ်သန်း သွားလာသူများအတွက် နှောင့်နှေးကြန့်ကြာမှုများရှိနေ၍ ပြုပြင်ရန်အတွက် လိုအပ်လှပါသည်။

### ပညာရေး

ကန်ပူးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ထို့ကြောင့် မူလတန်းကျောင်းသားများအတွက် အဆင် ပြေပါသည်။ သို့သော် အလယ်တန်းနှင့် အထက်တန်းပညာများကိုမူ မြိုင်မြို့သို့ သွားရောက်၍ ပညာသင် ကြားရပါသည်။ ရွာလယ်လမ်းသည် ချိုင့်များ၊ ခွက်များဖြစ်နေခြင်း၊ ဖုန်ထူခြင်း၊ မိုးရာသီတွင် အနည်းငယ် ချော်ခြင်းစသည်တို့ကြောင့် ထိုလမ်းကို ဖြတ်သန်းအသုံးပြုနေသော ရဟန်းသံဃာ၊ သီလရှင်၊ သက်ကြီး ရွယ်အို၊ ကျောင်းသား၊ ကျောင်းသူ၊ ဈေးရောင်း၊ ဈေးဝယ်များအနေဖြင့် အခက်အခဲတွေ့နေရပါသည်။ ထို့ကြောင့်အချိန်ကြန့်ကြာခြင်း၊ ဝင်ငွေထိခိုက်ခြင်းစသည့် နောက်ဆက်တွဲပြဿနာများကို နေ့စဉ်နှင့်အမျှ ကြုံတွေ့ရပါသည်။ ထို့ကြောင့် ရွာလယ်လမ်းကိုပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။

### ကျန်းမာရေး

ကန်ပူးကျေးရွာတွင် ဆေးပေးခန်း မရှိပါ။ ထို့ကြောင့် ရွာသားများ နာမကျန်းဖြစ်လျှင် အုပ်စုရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ပြသရပါသည်။ အချို့မှာ ရွာရှိဆေးမြီးတို၊ ဗိန္ဓောဆရာများနှင့် လည်း ကုသကြရပါသည်။ ငွေကြေးအခက်အခဲကြောင့် အများစုမှာ ဆေးရုံဆေးခန်းများသို့ သွားရောက်၍ မပြသကြပါ။ လူနည်းစုသာ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသကြပါသည်။ ရွာလယ်လမ်းမကြီးမှာ ချိုင့်၊ ခွက်များရှိနေ၍ မိုးရာသီတွင် ခြင်များခိုအောင်ပေါက်ဖွားကြသောကြောင့် အချို့ကလေးများမှာ သွေးလွန် တုတ်ကွေးဖြစ်ကြပါသည်။ ထို့ကြောင့် ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ကုသရခြင်းကြောင့် အချိန်ကုန် ခြင်း၊ လုပင်ပမ်းခြင်း၊ ငွေကြေးကုန်ကျခြင်းစသည့်တို့ကို ကြုံတွေ့ရပါသည်။ ဆောင်းရာသီနှင့် နွေရာသီတို့ တွင် ရွာလယ်လမ်းမကြီးမှာ ဖုန်များထူနေသဖြင့် ဖြတ်သန်းသွားလာသူတို့မှာ အဆင်မပြေလှပါ။ ထို့ကြောင့် ပြုပြင်ရန်လိုအပ်လှပါသည်။

CamScanner

ဘာသာရေး

ကန်ပူးရွာ၏ တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်းရှိပါသည်။ လဆန်း(၈)ရက်၊ လပြည့်၊ လကွယ်နေ့များတွင် ရွာရှိလူကြီးများသည် ဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်သီလဆောက်တည်ရန် အတွက်သွားကြပါသည်။ ရွာလယ်လမ်းမှာ မကောင်းသောကြောင့် အသက်ကြီးသူများ ဘုန်းကြီးကျောင်းသို့ သွားသောအခါ အချို့မှာ တောင်ဝှေးကိုယူသွားကြပြီး၊ အချို့မှာ ဆိုင်ကယ်များဖြင့် လိုက်၍ပို့နိုင်ကြပါသည်။ ထို့ကြောင့် ရွာလယ်လမ်းမကြီးမှာ ပြုပြင်ရန်အတွက်လိုအပ်လှပါသည်။ သို့မှသာ ထိုလမ်းကိုအသုံးပြုနေသူများ သွားရေးလာရေးအဆင်ပြေစေပြီး အချိန်ကုန် လူပင်ပမ်းခြင်းမှလည်း သက်သာနိုင်မည်ဖြစ်ပါသည်။

လူမှုရေး

ရွာလယ်လမ်းမကောင်းခြင်းကြောင့် ကျေးရွာရှိ လူမှုရေးကိစ္စရပ်များ များစွာ နှောင့်နှေးကြန့်ကြာရပါသည်။ တစ်ခြားကျေးရွာမှ ဈေးရောင်းဈေးဝယ်များလည်း ရွာလယ်လမ်းမကောင်းခြင်းကြောင့် များစွာ ဒုက္ခဖြစ်ရပါသည်။ သာရေးနာရေးကိစ္စများတွင် ဤရွာလယ်လမ်းတစ်လမ်းတွင်သာ အသုံးပြုရပြီး လမ်းမကောင်းခြင်းကြောင့် အဆင်မပြေဖြစ်ရပါသည်။

ထို့ကြောင့် ရွာလယ်လမ်းမကောင်းသည့် ပြဿနာသည် ကျေးရွာနှင့် အနီးအနားကျေးရွာများ ထိုလမ်းကို အသုံးပြုနေသော ပြည်သူလူထုများအတွက် များစွာ အခက်အခဲဖြစ်ရပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဂွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``ရွာလယ်လမ်း မကောင်းသည့်ပြဿနာ´´ အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ ။ရွာလယ်လမ်းမကောင်းသည့်ပြဿနာ

| | | | |
|---|---|---|---|
| နေ့စွဲ၊ | (၁၅.၁.၂၀၁၇) | အစည်းအဝေးစတင်ချိန် | (၁း၃၀) |
| အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် | | အစည်းအဝေးပြီးဆုံးချိန် | (၃ း၃၀) |
| ပံ့ပိုးသူ၏အမည် - | ဝင်းမိုးမိုးအေး | အစည်းအဝေးကြာချိန် | (၂)နာရီ |

ဆွေးနွေးသည့်အကြောင်းအရာများ - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဂွေးပင်လယ်အုပ်စု၊
ကန်ပူးကျေးရွာ၏ ``ရွာလယ်လမ်းမကောင်းသည့်ပြဿနာ´´အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်
ချက်ကို ရွာသားများအား ရှင်းပြပါသည်။ ပံ့ဆွဲသူ ကိုနေလင်းအောင်နှင့် ဦးမောင်ဦးမှ ရွာလယ်လမ်းမ
ကောင်းသည့်အကြောင်းအရင်းများကို ရွာသားများအားမေးရာ ရွံ့နွံမြေဖြစ်ခြင်း၊ မိုးရာသီတွင် ရေတိုက်စား
ခြင်း၊ ရေဝပ်ခြင်း၊ ရေမြောင်းများ တိမ်ကောလာခြင်း၊ နွားလှည်းများမောင်းနှင်ခြင်း၊ စက်ဘီး၊ ဆိုင်ကယ်၊
ကား စသည့်ယာဉ်အသုံးပြုသူများမှ မဆင်မခြင်မောင်းနှင်ခြင်း၊ ကျောက်ချောလမ်းမဟုတ်ခြင်း စသည့်
အကြောင်းရင်းများကြောင့်ဟု ရွာသားများကပြောကြပါသည်။ ရွာသားများပြောသည့် အချက်အလက်များ
အတိုင်း ပံ့ဆွဲသူများမှလိုက်၍ ပုံတွင် ရေးဖြည့်ကြပါသည်။ ထို့နောက်တွင် ပံ့ဆွဲသူများမှ ရွာလယ်လမ်း
မကောင်းရသည့်နောက်ဆက်တွဲအကြောင်းအရင်းများကို မေးရာ ရွာလယ်လမ်းမကောင်းခြင်းကြောင့်
ကျောင်းသား/ကျောင်းသူများ သွားလာရခက်ခဲခြင်း၊ နွားများ လျှာနာ/ခွာနာ ရောဂါများဖြစ်ခြင်း ၊ လျှာနာ/
ခွာနာ ရောဂါဖြစ်ခြင်းကြောင့် လုပ်ငန်းခွင်ဝင်ရန်အခြားရွာများမှ ခိုင်းနွားများကို ငှားရမ်းရသောကြောင့်
တောင်သူဦးကြီးများ၏ ဝင်ငွေများထိခိုက်ခြင်း၊ အခြားရွာများမှ ဈေးရောင်း/ဈေးဝယ်များသည် ရွာလယ်
လမ်းကိုဖြတ်၍ ဈေးရောင်းသွားကြရာ မိုးရာသီပုံမှန်မသွားနိုင်ဘဲ ဝင်ငွေများလျော့နည်းလာခြင်း၊ ရွာလယ်
လမ်းတွင် ကျင်းများ၊ ချိုင့်ခွက်များရှိသဖြင့် ခြင်များခိုအောင်းနိုင်ခြင်း စသည့် နောက်ဆက်တွဲပြဿနာများ
ကြုံတွေ့ရသည်ဟု ရွာသားများမှ ပြောသည့်အတိုင်းပင် ပံ့ဆွဲသူများမှလိုက်၍ ပုံတွင်ရေးဖြည့်ကြပါသည်။
၎င်းပြင် ရွာလယ်လမ်း မကောင်းခြင်းကြောင့် အကျိုးဆက်များကို ပံ့ဆွဲသူများမှမေးရာ ရေဝပ်သောကြောင့်
ကလေးသူငယ်များ သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားခြင်း၊ ရဟန်းသံဃာသီလရှင်၊ သက်ကြီးရွယ်အို
များနှင့် ကလေးသူငယ်များအတွက် သွားလာရအဆင်မပြေခြင်း၊ နွားလှည်းများသွားလာရခက်ခဲခြင်း၊
စက်ဘီး၊ ကား၊ ဆိုင်ကယ်၊ ဈေးရောင်းဈေးဝယ်များအတွက် အချိန်ကြန့်ကြာခြင်း၊ မိုးရာသီတွင် ရွာလယ်
လမ်းမှ စီးဆင်းလာသောမိုးရေများသည် လမ်း၏အနီးမှ်ပိုင်ရှိအိမ်များသို့ ဝင်ရောက်ခြင်းကြောင့်
မြေတလင်းများ ပျက်စီးခြင်းစသည့် အကျိုးဆက်များနှင့်ကြုံတွေ့ရပါသည်ဟု ရွာသားများမှ ပြောကြပါ
သည်။ ပံ့ဆွဲသူများမှလည်း ရွာသားများပြောသည့်အချက်အလက်များကို ပုံထဲတွင် ထည့်သွင်းရေးသားကြ
ပါသည်။ ဤသို့ဖြင့် ကန်ပူးရွာ၏ ရွာလယ်လမ်းမကောင်းသည့်ပြဿနာ အကြောင်းအရင်း၊ နောက်ဆက်တွဲ
အကျိုးဆက်များကို ရွာသားများမှ ပူးပေါင်းပါဝင်၍ ဆွေးနွေးအကြံပေးကြပါသည်။ အစည်းအဝေးကို
နေ့လည်(၃း၃၀)အချိန်တွင် သိမ်းလိုက်ပါသည်။

(ဝင်းမို့မို့အေး)

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးကျန် | | ၂ | ဦးပေါလိုင် | |
| ၃ | ဦးတင်စိုး | | ၄ | ဦးရွှေမြ | |
| ၅ | ဦးမောင်စိုး | | ၆ | ဦးစိန်လင်း | |
| ၇ | ဒေါ်မိုးမိုး | | ၈ | ဒေါ်ခင်စန်း | |
| ၉ | ဒေါ်ခင်စီ | | ၁၀ | ဒေါ်သန်းအေး | |
| ၁၁ | ဒေါ်လုံးစိန် | | ၁၂ | ဒေါ်အမာကြည် | |
| ၁၃ | ဒေါ်ငွေသိန်း | | ၁၄ | ဒေါ်ဝင်းကြည် | |
| ၁၅ | | | ၁၆ | | |
| ၁၇ | | | ၁၈ | | |
| ၁၉ | | | ၂၀ | | |

မှတ်တမ်းလိုက်သူအမည်


ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

``ရွာလယ်လမ်းမကောင်းသည့် ပြဿနာသစ်ပင်ဖြေရှင်းမှုစက်ကွင်း``

15.1.2017



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

''ရွာလယ်လမ်းမကောင်းသည့် ပြဿနာသစ်ပင်ခြေရှင်းမှုစက်ကွင်း'' အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး၊ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်၊ အိမ်ထောင်ဦးရေ (၂၃)ဦးရှိပါသည်၊ အများစုမှာ တောင်သူ လုပ်ကိုင်ကြပါသည်။ အခြား လူများမှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား၊ အစိုးရ ဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

**စီးပွားရေး**

ကန်ပူးကျေးရွာတွင် လူဦးရေ (၇၀%)မှာ စိုက်ပျိုးရေးလုပ်ကိုင်ကြပါသည်၊ အခြား(၃၀%)မှာ လယ်ကူလီ၊ သူရင်းငှား၊ အစိုးရဝန်ထမ်း၊ တွင်ခုံ၊ သံဂဟေ၊ သံသေတ္တာ၊ ပြည်တွင်းရွှေ့ပြောင်းလုပ်သားများအဖြစ် လုပ်ကိုင်ကြပါသည်။ ရွာ၏ ရွာလယ်လမ်းမှာ နွံ့မြေ၊ ကျစ်မြေဖြစ်သောကြောင့် မိုးရာသီတွင် လမ်းအသုံးပြုသူတို့မှာ လမ်းချော်ခြင်း၊ နွံ့ပေခြင်း၊ ဆောင်းရာသီနှင့် နွေရာသီတို့တွင် ဖုန်ထူခြင်းစသည့် ပြဿနာများနှင့် ကြုံတွေ့ရပါသည်။ ထို့ပြင်နွားလှည်းများမောင်းနှင်ခြင်း၊ ကား၊ ဆိုင်ကယ်၊ စက်ဘီးစသည့် ယာဉ်အသုံးပြုသူများမှလည်း မဆင်မခြင်မောင်းနှင်ခြင်းကြောင့် ရွာလယ်လမ်းမှာ ကျင်းများ၊ ချိုင့်ခွက်များဖြင့် ပြည့်နေပါသည်။ ထို့ကြောင့် ရွာလယ်လမ်းကို ကျောက်ချောလမ်းအဖြစ်သို့ ပြုပြင်ရန်အတွက်ရွာသားများမှာ စိတ်အားထက်သန်နေကြပါသည်။ သို့သော် စိုက်ပျိုးရေးလုပ်ကိုင်နေသူများမှာလည်း မိုးလေဝသမမှန်သောကြောင့် စီးပွားရေးမှာ အဆင်မပြေသည့်နှစ်က များနေပါသည်။ အခြားလုပ်ငန်းများ လုပ်ကိုင်သူများမှာလည်း ၎င်းတို့၏စီးပွားရေးမှာ မိသားစုအဆင်ပြေနိုင်ရုံမျှသာဖြစ်ပါသည်။ ထို့ကြောင့် ရွာလယ်လမ်းကို ကျောက်ချောလမ်းအဖြစ် ပြုပြင်နိုင်ရန်အတွက် နိုင်ငံတော်၏အထောက်အပံ့ရမှသာ အဆင်ပြေမည်ဖြစ်ပါသည်။

**ပညာရေး**

ကန်ပူးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ထို့ကြောင့် အလယ်တန်းနှင့်အထက်တန်းကို မြိုင်မြို့သို့ ရွာရောက်သင်ကြားရပါသည်။ ရွာလယ်လမ်းမကောင်းသည့်အတွက် ရွာမှ ကျောင်းသား၊ ကျောင်းသူများ၊ ရွာသားများအပြင် အခြားကျေးရွာများမှ ကန်ပူးရွာ၏ ရွာလယ်လမ်းကို ဖြတ်သန်းအသုံးပြုနေကြသော ကျောင်းသား ကျောင်းသူများ၊ ဈေးရောင်း၊ ဈေးဝယ်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ သီလရှင်များ၊ ရဟန်းသံဃာများ၊ မသန်စွမ်းများပါ၊ အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်း၊ ကျောင်းသားများကျောင်းချိန်မမှန်ခြင်း၊ မိုးရာသီဆိုလျှင်လမ်းဆိုးသည့်အတွက် ကျောင်းသားများ ကျောင်းပျက်ရက်များခြင်း၊ ဈေးသည်များ ဝင်ငွေထိခိုက်ခြင်းစသည့် ပြဿနာများကို ကြုံတွေ့ရပါသည်။

**ကျန်းမာရေး**

ကန်ပူးကျေးရွာတွင် ဆေးပေးခန်း မရှိပါ။ ထို့ကြောင့် ရွာသားများ နာမကျန်းဖြစ်လျှင် အုပ်စုရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ပြသရပါသည်။ အချို့မှာ ရွာရှိဆေးမြီးတို၊ ဗိန္ဓောဆရာများနှင့်လည်း ကုသကြရပါသည်။ အချို့ငွေကြေး တတ်နိုင်သူများမှာ ပခုက္ကူ၊ မန္တလေးမြို့ကြီးများရှိ အထူးကုဆရာဝန်ကြီးများနှင့် သွားရောက်ပြသကြပါသည်။ မိုးသည်းထန်စွာရွာသွန်းသည့်နှစ်များတွင် ရွာလယ်လမ်းမှ စီးဆင်းသောရေများသည် ရွာထဲရှိမြေနိမ့်ပိုင်းအိမ်များသို့ ဝင်ရောက်သောကြောင့် မြက်ပင်များပေါက်ခြင်း၊ ခြင်းများခိုအောင်းပေါက်ဖွားပါသည်။ ထို့ကြောင့် အချို့သူများတွင် သွေးလွန်တုပ်ကွေးရောဂါကို ခံစားရပါသည်။ ထို့ကြောင့် ဆေးရုံဆေးခန်းများသို့ သွားရောက်ပြသရခြင်းကြောင့် အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်း၊

CS CamScanner

ငွေကြေးကုန်ကျခြင်းစသည့် ပြဿနာများကို ခံစားရပါသည်။ ထို့ကြောင့် ရွာလယ်လမ်းကို ပြုပြင်ရန်လိုအပ်လှပါသည်။

ဘာသာရေး

ကန်ပူးရွာ၏ တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်းရှိပါသည်။ လဆန်း(၈)ရက်၊ လပြည့်၊ လကွယ်နေ့များတွင် ရွာရှိလူကြီးများသည် ဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်သီလဆောက်တည်ရန် နှင့် ၎င်းတို့တတ်နိုင်သော လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းရန်အတွက် သွားကြပါသည်။ ရွာရှိကလေးများနှင့် လူငယ်များမှာလည်း ဝါတွင်းကာလနှင့် အကြံနက်ကဲ့သို့သော အခါကြီးရက်ကြီးများတွင် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး အမှိုက်လှဲခြင်း၊ သောက်ရေအိုးများဖြည့်ခြင်း၊ အဝတ်ညစ်များလျှော်ပေးခြင်း၊ ရွာဘုံ ပိုက်ဆံများစုဆောင်းပြီး ဘုန်းတော်ကြီးကျောင်းသို့ လာရောက်သောဧည့်ပရိတ်သက်များကို စတုဒီသာများကျွေးမွေးကြပါသည်။

လူမှုရေး

ကန်ပူးရွာ၏ ရွာလယ်လမ်းမှာ မကောင်းသည့်အတွက် မိုးတွင်းအခါ၌ ကျောင်းသားကျောင်းသူများမှာ ကျောင်းချိန်နောက်ကျခြင်း၊ ရွာလယ်လမ်းကို ဖြတ်သန်းအသုံးပြုနေသော အခြားရွာများမှ ဈေးဝယ်၊ ဈေးသည်များအတွက် အချိန်ကြန့်ကြာခြင်းကြောင့် စီးပွားရေးထိခိုက်ခြင်း၊ မသန်စွမ်းများအတွက်လည်း အခက်အခဲဖြစ်ခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များအတွက်လည်း ပင်ပန်းခက်ခဲခြင်းစသည့် အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``ရွာလယ်လမ်းမကောင်းသည့် ပြဿနာဖြေရှင်းမှုစက်ကွင်း´´ အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ ။ရွာလယ်လမ်းမကောင်းသည့် ပြဿနာဖြေရှင်းမှု

နေ့စွဲ၊ (၁၅.၁.၂၀၁၇) အစည်းအဝေးစတင်ချိန် (၁း၃၀)

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် (၃ း၃၀)

ပုံပိုးသူ၏အမည် - ဝင်းမိုးမိုးအေး အစည်းအဝေးကြာချိန် (၂)နာရီ

ဆွေးနွေးသည့်အကြောင်းအရာများ - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``ရွာလယ်လမ်းမကောင်းသည့် ပြဿနာ ဖြေရှင်းမှုစက်ကွင်း´´ အစည်းအဝေးပြုလုပ်ရာတွင် သင်တန်းတက်ရောက်ထားသူများမှ အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရွာသားများအား ရှင်းပြပါသည်။ ပုံဆွဲသူ ကိုနေလင်းအောင်မှ ရွာလယ်လမ်းမကောင်းရသည့် အကြောင်းအရင်းများကို ရွာသားများအား မေးရာ ဦးရဲသန်းမှ မိုးရာသီတွင် မိုးရွာလျှင် လမ်းမြေမှာ ရွံ့မြေနှင့်ကျစ်မြေအမျိုးအစားဖြစ်သောကြောင့် လမ်းချောခြင်း၊ ပျက်စီးခြင်းတို့ဖြစ်တာပေါ့ဟု ပြောလေ၏။ ၎င်းပြင် ဦးစိန်လင်း၊ ဦးခင်မြေ့နှင့် ဘကြီးကျန်တို့မှလည်း လမ်းဘေးရေမြောင်းတိမ်ကောခြင်း၊ မိုးရာသီရေဝပ်ခြင်းတို့ကြောင့် ရွာလယ်လမ်းကို မှီခိုအသုံးပြုနေသော ကျေးရွာသူ၊ ကျေးရွာသားများအပြင် အခြားရွာများမှ ဈေးရောင်း၊ ဈေးဝယ်များ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း အချိန်ကြန့်ကြာခြင်း၊ မိုးရာသီတွင်ရွှံ့များထဲနစ်ခြင်း၊ နွေရာသီတွင်ဖုန်များထခြင်းတို့ကြောင့် ကြန့်ကြာရပါသည်။ ထို့နောက်တွင် ဒေါ်ခင်စန်း၊ ဒေါ်အေးလွင်နှင့် ဒေါ်နွဲ့ဝေတို့မှလည်း လမ်းကိုဖြတ်သန်းအသုံးပြုနေသော သံဃာတော်၊ သီလရှင်၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ မသန်စွမ်းသူများအတွက်လည်း သွားလာရခက်ခဲပါသည်ဟု ပြောကြပါသည်။ ပုံဆွဲသူမှလည်း ၎င်းတို့ပြောသည့်အချက်အလက်များကို တစ်ခုမကျန်ပုံထဲတွင်ဖြည့်သွင်းရေးဆွဲနေပါသည်။ ၎င်းပြင် ပုံဆွဲသူမှ ထိုအခက်အခဲများကို မည်သည့်နည်းလမ်းဖြင့် ဖြေရှင်းမည်နည်းဟု ရွာသားများအားမေးမြန်းရာ ဥက္ကဋ္ဌ ဦးတင်စိုးမှ ကျောက်ချောလမ်းအဖြစ်ပြုပြင်လိုကြောင်း ပြောလေ၏။ ထိုအခါ ဦးသိန်းအေးမှ နိုင်ငံတော်အထောက်အပံ့တင်ပြတောင်းခံသင့်သည်ဟု အကြံပေးလေ၏။ ဦးပေါလိုင်မှ ရွာလယ်လမ်းပြုပြင်ရန်အတွက် ငွေကြေးတတ်နိုင်သူများထံမှ အကူအညီတောင်းခံနိုင်သည်ဟု ပြောလေ၏။ ဒေါ်လှဆွေ၊ ဒေါ်အေးမာ၊ ဒေါ်သန်းစိန်တို့မှလည်း ရွာကလူများစုကတော့ လုပ်အားပါဝင်ကူညီ၍ ဆောင်ရွက်နိုင်ပါတယ်ဟု ပြောလေ၏။ ပုံဆွဲသူမှလည်း ၎င်းတို့ပြောသည့်အတိုင်းပင် ပုံထဲတွင် ထည့်သွင်း၍ ရေးလေ၏။ အချက်အလက်များရေးပြီးသောအခါ အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

(ဝင်းမိုးမိုးအေး)

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးသိန်းအေး | | .၂ | ဦးမြတ်ထွန်း | |
| ၃ | ဦးရွှေမြ | | ၄ | ဦးစိန်လင်း | |
| ၅ | ဦးရှန် | | ၆ | ဦးခင်ပြေ့ | |
| ၇ | ဒေါ်မာရီ | | ၈ | ဒေါ်အေးလွင် | |
| ၉ | ဒေါ်အေးဝမ်း | | ၁၀ | ဒေါ်စန်းရီ | |
| ၁၁ | ဒေါ်သန်းအေး | | ၁၂ | ဒေါ်ဝင်းမြ | |
| ၁၃ | ဦးလှမောင် | | ၁၄ | ဒေါ်ခင်မြ | |
| ၁၅ | ဦးတင်စိုး | | ၁၆ | ကိုနေလင်းအောင် | |
| ၁၇ | ဒေါ်ခင်စန်း | | ၁၈ | ဦးရဲသန်း | |
| ၁၉ | ဒေါ်ခင်တင့် | | ၂၀ | ဒေါ်တင်ရှိန် | |
| ၂၁ | ဦးကျန် | | | | |


မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

``ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံ´´



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

''ဝန်ဆောင်မှုနှင့်အခွင့်အလမ်းပြမြေပုံ''အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး၊ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်။ ဘွဲ့ရဦးရေ (၂၃)ဦးရှိပါသည်။ အများစုမှာ တောင်သူလုပ်ကိုင်ကြပါသည်။ အခြား လူများမှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား၊ အစိုးရဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

### စီးပွားရေး

ကန်ပူးကျေးရွာ၏ လူဦးရေအများစုမှာ တောင်သူလုပ်ကိုင်ကြပါသည်။ တောင်သူများ၏ စီးပွားရေးမှာ မိုးလေဝသကို အားထားနေရပါသည်။ မိုးလေဝသမှန်သောနှစ်များတွင် တောင်သူများ၏ စီးပွားရေးမှာ အဆင်ပြေပြီး မိုးလေဝသမမှန်သောနှစ်များတွင်မူ တောင်သူများ၏စီးပွားရေးမှာ အဆင်မပြေပါ။ ထို့ကြောင့် ရွာရှိအချို့သောသူများမှာ ပြည်တွင်းရှိအခြားဒေသများသို့ သွားရောက်၍ စီးပွားရေးအတွက် အလုပ်လုပ်သွားကြပါသည်။ ရွာနီးရှိ ငါးပဲ့၊ သံမြေကျင်း၊ ကျောက်အိုး၊ ထန်းကြီး၊ ညောင်ပင်ရွာစသည့် ရွာများသို့ သာရေးနာရေးအတွက်သွားကြပါသည်။ မြိုင်မြို့သို့မှ အများစုမှာ ဈေးဝယ်ရန်အတွက်သွားကြပါသည်။ အချို့မှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာစသော လုပ်ငန်းများအတွက် မြိုင်မြို့သို့သွားကြပါသည်။ ပခုက္ကူမြို့သို့မှ အချို့မှာ စီးပွားရေးလုပ်ငန်းအတွက် သွားရောက်ကြပါသည်။

### ပညာရေး

ကန်ပူးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ထို့ကြောင့် အလယ်တန်းနှင့်အထက်တန်းကို မြိုင်မြို့သို့ ရွာရောက်သင်ကြားရပါသည်။ ပခုက္ကူသို့ ရွာရှိတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများမှာ တက္ကသိုလ်ပညာဆက်လက်သင်ကြားရန်အတွက် သွားကြပါသည်။ မန္တလေးနှင့် မုံရွာမြို့များကိုမူ စီးပွားရေးနှင့် ကျန်းမာရေးအတွက်သာ အများစုသွားကြပါသည်။ သို့သော် မန္တလေးမြို့ကိုမူ အဝေးသင်တက္ကသိုလ်တက်ရောက်သော ကျောင်းသားကျောင်းသူများမှာ ဘွဲ့ယူရန်အတွက် သွားကြသူများလည်းရှိပါသည်။

### ကျန်းမာရေး

ကန်ပူးကျေးရွာတွင် ဆေးပေးခန်း မရှိပါ။ ထို့ကြောင့် ရွာသားများ နာမကျန်းဖြစ်လျှင် အုပ်စုရွာ ဝွေးပင်လယ်ရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ပြသရပါသည်။ ထိုဝွေးပင်လယ်ကျေးလက်ဆေးခန်းရှိ ကျန်းမာရေးဝန်ထမ်းမရှိသော အချိန်တွင်မူ ရွာရှိဆေးမြီးတို၊ ဗိန္ဒောဆရာများနှင့်လည်း ကုသကြရပါသည်။ ထို့ပြင် ဆေးဆိုင်များသို့ နာမကျန်းဖြစ်ရသည့် အကြောင်းရင်းများကို ပြောပြ၍ဆေးစပ်ခိုင်းပြီး၍လည်း သောက်ကြပါသည်။ ထိုသို့ကုသ၍မသက်သာမှသာလျှင် (၂)မိုင်နှင့် (၇)ဖာလုံဝေးသော မြိုင်မြို့သို့သွားရောက်ပြသကြပါသည်။ ပိုက်ဆံတတ်နိုင်သူအချို့မှာမူ ပခုက္ကူနှင့် မန္တလေးမြို့ကြီးများသို့ သွားရောက်၍ အထူးကုဆရာဝန်များနှင့် သွားရောက်ပြသကြပါသည်။ ပိုက်ဆံမတတ်နိုင်သော သူများမှာမူ ဆေးမြီးတို၊ ဗိန္ဒောဆရာများနှင့်သာ ကုသကြပါသည်။

### ဘာသာရေး

ကန်ပူးရွာ၏ တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်းရှိပါသည်။ လဆန်း(၈)ရက်၊ လပြည့်၊ လကွယ်နေ့များတွင် ရွာရှိလူကြီးများသည် ဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်သီလဆောက်တည်ရန် နှင့် ၎င်းတို့တတ်နိုင်သော လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းရန်အတွက် သွားကြပါသည်။ ရွာရှိကလေးများ

နှင့် လူငယ်များမှာလည်း ဝါတွင်းကာလနှင့် အကြန်ကဲ့သို့သော အခါကြီးရက်ကြီးများတွင် ဘုန်းတော်ကြီးကျောင်းသို့ လိုက်သွားကြပါသည်။ ဝါတွင်းအခါကာလတွင် ဝါဆိုသင်္ကန်းကပ်ရန်အတွက် လူငယ်များမှ ဦးဆောင်ပြီး ရွာထဲလူများထံမှ ငွေကြေးကောက်ခံကြပါသည်။ ထို့နောက်တွင်မှ ဘုန်းကြီးများကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကပ်လှူကြပါသည်။ သကြန်ရက်များတွင်မူ ဘုန်းတော်ကြီးကျောင်းသို့ လာသောဧည့်ပရိတ်သက်များအား အကျွေးအမွေးဖြင့် ရွာမှလူငယ်များ၊ ကာသိုလ်ရှင်များစုပေါင်း၍ ဧည့်ခံကြပါသည်။

## လူမှုရေး

ကန်ပူးရွာရှိ နေထိုင်သူများသည် လူမှုရေးကိစ္စများတွင် အနီးအနားကျေးရွာများသို့ ခြေလျှင်သွားခြင်း၊ ဆိုင်ကယ်များဖြင့်သွားလာကြပါသည်။ ရပ်ဝေးများသို့ လူမှုရေးကိစ္စများသွားလျှင် ကား၊ဆိုင်ကယ်များဖြင့် သွားလာကြပါသည်။

ကန်ပူးကျေးရွာ၏ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံကို ကြည့်ခြင်းအားဖြင့် လမ်းပန်းဆက်သွယ်ရေးသည် အသင့်အတင့်ကောင်းမွန်ကြောင်း မြင်တွေ့ရမည်ဖြစ်ပါသည်။

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဓွေးပင်လယ်အုပ်စု၊ ကန်ပုံးကျေးရွာ၏ ''ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံ'' အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်၊ ။ဝန်ဆောင်မှုနှင့်အခွင့်အလမ်း

နေ့စွဲ၊ (၂၆.၀၂.၂၀၁၆) အစည်းအဝေးစတင်ချိန် (၁း၃၀)

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် (၃ း၃၀)

ပုံပိုးသူ၏အမည် - ဝင်းမိုးမိုးအေး အစည်းအဝေးကြာချိန် (၂)နာရီ

ဆွေးနွေးသည့်အကြောင်းအရာများ - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဓွေးပင်လယ်အုပ်စု၊ ကန်ပုံးကျေးရွာ၏ ''ဝန်ဆောင်မှုနှင့်အခွင့်အလမ်းပြမြေပုံ'' ရေးဆွဲရာတွင် ကျေးရွာလက်စွဲစာအုပ်သင်တန်း တက်ရောက်ထားသူများမှ အစည်းအဝေးခေါ်ယူခြင်း၏ ရည်ရွယ်ချက်ကို ရွာသားများအား ရှင်းပြပါသည်။ ထို့နောက်တွင်မှ ဦးသိန်းအေးမှ ရွာမှာ မူလတန်းကျောင်းရှိတော့ အလယ်တန်းနှင့် အထက်တန်း ပညာသင်ယူဖို့အတွက် မြိုင်မြို့သို့ကျောင်းသားတွေသွားကြရတာပေါ့ကွာ။ လူကြီးတွေကတော့ ဈေးဝယ်ဖို့အတွက်သွားကြတာပေါ့ ဟု ပြောလေ၏။ မြိုင်က ငါတို့ရွာရဲ့ အနောက်ဘက်မှာရှိတာကွဟု ဦးသိန်းအေးမှ ပြောလိုက်သေး၏။ ပုံဆွဲသူမှလည်း ထိုအတိုင်းပင်လိုက်၍ဆွဲလေ၏။ ပခုက္ကူကတော့ ရွာရဲ့တောင်ဘက်က နေထွက်ရတာပေါ့ နောက်အရှေ့ထဲကိုဆက်သွားရတာ (၂၇)မိုင်တော့ဝေးတယ် ငါတို့ရွာနဲ့ဟု ဦးမောင်စိုး မှ ပြောလေ၏။ ထိုအတိုင်းပင်ပုံဆွဲသူမှ လိုက်၍ဆွဲလေ၏။ မန္တလေးကတော့ ရွာရဲ့အရှေ့ဘက်ကနေသွားရတာပေါ့ မိုင်းကတော့ မိုင်ကတော့ဘယ်လောက်ဝေးလဲ အတိအကျတော့မသိဘူးကွဟု ဒေါ်သန်းအေးမှ ပြောလေ၏။ ထိုအတိုင်းပင် ပုံဆွဲသူမှ လိုက်၍ဆွဲလေ၏။ ထို့ပြင်ရွာ၏ အရှေ့ဘက်ရှိ ငါးပဲ့၊ အလယ်ကန်၊ ထနောင်းသုံးပင်၊ လယ်စု စသည့် ရွာများကိုလည်း ထည့်၍ဆွဲရမည်ဖြစ်ကြောင်း ရွာသားများမှပြောလေ၏။ ထိုအတိုင်းပင် ပုံဆွဲသူမှလိုက်၍ ဆွဲလေ၏။ ထို့နောက်တွင်မှ ရွာ၏ မြောက်ဘက်ရှိ ညောင်ပင်ရွာ၊ သံပုရာခြံ၊ ကျောင်းကုန်းရွာ၊ ရွာ၏တောင်ဘက်ရှိ ထန်းကြီးရွာ၊ အောင်ဇံကုန်းရွာ၊ ချောင်းဦးတို့ရွာ၊ ကိုင်းတောမရွာ၊ ရွာ၏အနောက်ရှိ သံမြေကျင်းရွာ၊ ကျောက်အိုးရွာ၊ ဥယျာဉ်မရွာ၊ ဓွေးပင်လယ်ရွာစသည့် ရွာများကိုလည်း ထည့်သွင်း၍ဆွဲရမည်ဖြစ်ကြောင်း ရွာသားများမှပြောသည်အတိုင်း ပုံဆွဲသူမှ လိုက်၍ဆွဲပါသည်။

(ဝင်းမိုးမိုးအေး)

အစည်းအဝေးတက်ရောက်သူများစာရင်း


| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးပေါလိုင် | | ၂ | ဦးကျွန့် | |
| ၃ | ဦးတင်စိုး | | ၄ | ဦးမြတ်ထွန်း | |
| ၅ | ဦးရွှေမြ | | ၆ | ဦးမောင်စိုး | |
| ၇ | ဒေါ်နွဲ့ဝေ | | ၈ | ဒေါ်အေးလွင် | |
| ၉ | ဒေါ်မိုးမိုး | | ၁၀ | ဒေါ်သန်းအေး | |
| ၁၁ | ဒေါ်လှဆွေ | | ၁၂ | ဒေါ်မြရီ | |
| ၁၃ | ဦးအုံးခင် | | ၁၄ | ဒေါ်ညိုမြေး | |
| ၁၅ | | | ၁၆ | | |
| ၁၇ | | | ၁၈ | | |
| ၁၉ | | | ၂၀ | | |
| ၂၀ | | | | | |

မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပုံးကျေးရွာ၏

``အနာဂတ်မျှော်မှန်းချက် ပြမြေပုံ´´



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ရွှေပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူကျေးရွာ၏

“အနာဂတ်မျှော်မှန်းချက် ပြခြင်း” အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွှေပင်လယ်အုပ်စု၊ ကန်ပူကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး။ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်။ ဘွဲ့ရဦးရေ (၂၃)ဦးရှိပါသည်။ အများစုမှာ တောင်သူလုပ်ကိုင်ကြပါသည်၊ အခြား လူများမှာ တွင်ခုံ၊ ဂဟေဆော်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား၊ အစိုးရဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

စီးပွားရေး

ကန်ပူကျေးရွာတွင် လူဦးရေ၏(၇၀%)မှာ တောင်သူလုပ်ကိုင်ကြပါသည်။ အခြားသူများမှာ အစိုးရဝန်ထမ်း၊ တွင်ခုံ၊ သံဂဟေ၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှားစသည့် အလုပ်များလုပ်ကိုင်ကြပါသည်။ တောင်သူများမှာလည်း မိုးလေဝသကို အားထားနေခြင်းကြောင့် စီးပွားရေးမှာ နှစ်တိုင်းအဆင်မပြေလှပါ။ တောင်သူများကို မှီခိုအားထားနေသော လယ်ကူလီ၊ သူရင်းငှားများမှာလည်း တောင်သူများအဆင်ပြေမှသာ ၎င်းတို့၏စီးပွားရေးချောင်လည်မည်ဖြစ်ပါသည်၊ အစိုးရဝန်ထမ်း၊ တွင်ခုံ၊ ဂဟေဆော်၊ သံဂဟေ၊ သံသေတ္တာလုပ်ငန်းများ လုပ်ကိုင်သူများ၏ စီးပွားရေးမှာ အခြားလုပ်ငန်းများထက် ပို၍အဆင်ပြေကြပါသည်။ ရွာတွင်သမရိုးကျအလုပ်များ၊ အဆင်မပြေပါက အခြားလုပ်ငန်းများလုပ်ကိုင်ရန်အတွက် လျှပ်စစ်မီးရရှိရန် လိုအပ်ပါသည်။ သို့မှသာ ဆီစက်၊ အမှုန့်ကြိတ်စက်၊ သံဂဟေ၊ တွင်ခုံစသည့် လုပ်ငန်းများအစားထိုးလုပ်ကိုင်ခြင်းဖြင့် ရွာ၏စီးပွားရေးသက်သာချောင်ချိလာစေနိုင်ပါသည်။

ပညာရေး

ကန်ပူရွာတွင် မူလတန်းကျောင်းရှိပါသည်၊ ထို့ကြောင့် အလယ်တန်းနှင့်အထက်တန်းကို မြိုင်မြို့သို့ ရွာရောက်သင်ကြားရပါသည်။ ရွာတွင်မူကြိုကျောင်းမှာ အရိုးနှင့်အမိုးသာ ဆောက်လုပ်၍ပြီးပါသေးသည်။ မူကြိုကျောင်းအပြီးသတ် ဆောက်လုပ်ရန်အတွက် ငွေကြေးအခက်အခဲကြောင့် မဖြစ်နိုင်သေးပါ။ ထို့ကြောင့် မူကြိုကျောင်းအပြီးသတ်ဆောက်လုပ်ရန်အတွက် လိုအပ်လှပါသည်။ ၎င်းပြင် ရွာတွင်စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ရွာသားများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောင်ဒေးရှင်းချပြီးဖြစ်ပါသည်။ စာကြည့်တိုက်အပြီးသတ် ဆောက်လုပ်ရန်အတွက် ငွေကြေးအခက်အခဲရှိနေပါသည်။

ကျန်းမာရေး

ကန်ပူကျေးရွာတွင် ဆေးပေးခန်း မရှိပါ။ ထို့ကြောင့် ရွာသားများ၊ နာမကျန်းဖြစ်လျှင် ကျန်းမာရေးဝန်ထမ်းများကိုသာ အားထားနေရပါသည်။ ရွာတွင် ကျန်းမာရေးဝန်ထမ်းများ မလာရောက်သည့်အခါတွင်မှ ရွာရှိ ဆေးမြီးတို၊ ဗိန္ဓောဆရာများနှင့် ကုသရပါသည်၊ ထို့ကြောင့်ဆေးပေးခန်း ရရှိရန်လည်း လိုအပ်လှပါသည်။ ရွာတွင်နှစ်စဉ် နွေရာသီမရောက်ခင်ကပင် ရေပြတ်လပ်လေ့ရှိသောကြောင့် စက်ရေတွင်းရရှိရန်လည်း လိုအပ်လှပါသည်။ သို့မှသာ ရွာရှိလူများနှင့် တိရစ္ဆာန်အတွက် ရေရရှိရန်အတွက် အဆင်ပြေမည်ဖြစ်ပါသည်။ ၎င်းပြင် ရွာရှိလမ်းများမှာလည်း ကျင်းများ၊ ချိုင့်များ၊ ခွက်များဖြစ်နေ၍ လမ်းအသုံးပြုသူများမှာ အဆင်မပြေလှပါ။ နွေရာသီရောက်လျှင် တစ်လမ်းလုံးအပြည့် ဖုန်များထနေပါသည်။ ထို့ကြောင့် သွားလာရန်လွယ်ကူရန်အတွက် ကျောက်ချောလမ်းအဖြစ်ပြုပြင်ရန်အတွက် ရွာသားများမှ စိတ်အားထက်သန်နေကြပါသည်။

ဘာသာရေး

ကန်ပူးရွာ၏ တောင်ဘက် (၇)ဖာလုံခန့်အကွာတွင် ဘုန်းတော်ကြီးကျောင်းရှိပါသည်။ ဘုန်းတော်ကြီးကျောင်းသို့ ရွာရှိလူကြီးလူငယ်များသည်။ ဝါတွင်းကာလနှင့် သင်္ကြန်ကဲ့သို့သော အခါကြီးရက်ကြီးများတွင် သွားရောက်၍ အမှိုက်လှဲခြင်း၊ သောက်ရေအိုးဖြည့်ခြင်း၊ အဝတ်ညစ်များ လျှော်ပေးခြင်းစသဖြင့် စုပေါင်းဝိုင်းဝန်း၍ ကုသိုလ်များပြုလုပ်ကြပါသည်။ တပို့တွဲလတွင်မူ ပွဲတော်ကိုစည်းကားသိုက်မြိုက်စွာကျင်းပကြပါသည်။

လူမှုရေး

ကန်ပူးရွာတွင် လူမှုရေးအနေဖြင့် ရွာရှိအလှူပွဲ၊ မင်္ဂလာပွဲ၊ ဘုရားပွဲ၊ သာရေး၊ နာရေးတို့တွင် ရွာရှိလူကြီး၊ လူငယ်များအားလုံး တက်တက်ကြွကြွပါဝင်ကူညီဆောင်ရွက်ပေးကြပါသည်။ ရွာတွင် ပရဟိတအသင်းမရှိသေးပါ။ ထို့ကြောင့် ပရဟိတအသင်းထူထောင်ရန်အတွက်လည်း ရွာသားများမှာ စိတ်ကူးရှိပါသည်။ ၎င်းပြင် ရွာတွင် စာသင်သားဘုန်းကြီးတစ်ပါးရှိပါသည်။ ဘုန်းဘုန်း၏ ဘွဲ့အမည်မှာ ရှင်ခေမာစာရဖြစ်ပါသည်။ ယခုအခါ ထိုဘုန်းဘုန်းအိန္ဒိယနိုင်ငံ၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ဒေါက်တာဘွဲ့အတွက် စာသင်ကြားနေပါသည်။ နှစ်စဉ် သီတင်းကျွတ်လတွင် ရှင်ခေမာစာရသည် ရွာသို့ ပြန်ကြွလာပြီး ကျောင်းသားလူငယ်များအတွက် စာအုပ်၊ ခဲတံ၊ ပေတံ၊ ခဲဖျက်စသည့် စာရေးကိရိယာများကို ထောက်ပံ့ပါသည်။ မျက်စိမှုန်သူများအတွက် မျက်မှန်ပေးပါသည်။ ရွာသားများအတွက်လည်း တဘက်၊ ခေါက်ဆွဲထုပ်၊ ပိုက်ဆံ စသဖြင့် အလှူခံ၍ရရှိသော ပစ္စည်းများကို မဲဖောက်ပေးပါသည်။

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``အနာဂတ်မျှော်မှန်းချက်ပြမြေပုံ´´ အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ အနာဂတ်မျှော်မှန်းချက်

နေ့စွဲ၊ (၁.၁.၂၀၁၇) အစည်းအဝေးစတင်ချိန် (၁း၃၀)

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် (၃ း၃၀)

ပံ့ပိုးသူ၏အမည် - ဝင်းမိုးမိုးအေး အစည်းအဝေးကြာချိန် (၂)နာရီ

**ဆွေးနွေးသည့်အကြောင်းအရာများ** - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``အနာဂတ်မျှော်မှန်းချက်ပြမြေပုံ´´ ရေးဆွဲရာတွင် အစည်းအဝေးတက်ရောက်လာသူများအား ဦးရွှေမြနှင့် ကိုနေလင်းအောင်မှ မိမိတို့ရွာ၏အနာဂတ်တွင်ဖြစ်ချင်သည့် ဆန္ဒများကို ယခုမြေပုံရေးဆွဲရာတွင် ထည့်သွင်းပုံဖော်နိုင်ကြောင်း စသဖြင့်ရှင်းပြပါသည်။ ရွာလယ်မှာ စာကြည့်တိုက်ဆောက်လုပ်ဖို့အတွက်က ဖောင်ဒေးရှင်းကတော့ချပြီးသွားပြီ။ ပြီးစီးအောင်ဆက်လက်ဆောက်လုပ်ဖို့အတွက်က ရွာသားများမှာ ငွေကြေးအခက်အခဲရှိသည်ဟု ဦးရဲသန်းမှပြောလေ၏။ အဲတော့ စာကြည့်တိုက်ပုံလေးဆွဲလိုက်ကွာဟု ဦးရဲသန်းမှ တဆက်တည်းကိုနေလင်းအောင်အား ပြောသောကြောင့် စာကြည့်တိုက်ပုံကို ကိုနေလင်းအောင်မှ ဆွဲလိုက်လေ၏။ ထို့နောက်တွင် နွေရာသီမရောက်ခင်ကပင် ရေပျက်တာဆိုတော့ စက်ရေတွင်းလည်းရချင်တာပေါ့ ဒါမှရေအတွက် အခက်အခဲလည်းမရှိ မပူရတော့ဘူးကွဟု ရွာသားများမှပြောလေ၏။ ထို့ကြောင့် ကိုနေလင်းအောင်မှ စက်ရေတွင်းပုံကို ဆွဲလို၏။ ၎င်းပြင် ရွာမှာ လျှပ်စစ်မီးရရှိရန်အတွက်လည်းလိုသေးတယ်ကွ မီးရရှိမှ ကျန်းမာရေး၊ ပညာရေး၊ နည်းပညာ၊ ကုန်စျေးနှုန်းအတက်အကျ စတဲ့သတင်းတွေလည်း ကြည့်လိုရတာပေါ့ ဒါအပြင် မိုးလေဝသသီတင်းလဲကြည့်လို့ရတယ်။ လျှပ်စစ်နဲ့ပတ်သက်တဲ့စီးပွားရေးတွေလည်း လုပ်လို့ရတာပေါ့ကွဟု ရွာသားများကပြောသောကြောင့် ပုံဆွဲသူမှ လမ်းမီးတိုင်းလေးများကို လိုက်၍ဆွဲလေ၏။ ထို့နောက်တွင်မူ ရွာမှမူကြိုကျောင်းက အရိုးနဲ့အမိုးပဲရှိသေးတယ် အဲဒါကိုလဲအပြီးသတ်ဆောက်လုပ်ဖို့လည်း လိုသေးတယ်ကွဟု ရွာသားများမှပြောသောကြောင့် မူကြိုကျောင်းပုံစံကို ပုံဆွဲသူမှ ဆွဲလိုက်၏။ ၎င်းပြင် စာသင်ကျောင်းထဲမှာ ဘောလုံးကွင်းရေဆောက်ချင်သေးတယ်ဟု ရွာမှလူငယ်များကပြောသောကြောင့် ပုံဆွဲသူမှ ဘောလုံးကွင်းပုံစံကို ဆွဲလိုက်လေ၏။ ထို့နောက်တွင်မူ ရွာသားများမှ ရွာထဲလမ်းက သိမ်ပြီး မကောင်းဘူးကွ။ နွေရာသီမှာဆို ဖုန်တွေကလုံးနေတာပဲအဲတော့ ရွာထဲလမ်းကိုလည်း ပြင်ချင်တာပေါ့ကွာဟု ပြောလေ၏။ ဦးရွှေမြမှ ရွာထဲလမ်းကို ဘယ်လိုလမ်းမျိုး ပြင်စေချင်တာလည်းဟု မေးသောအခါ ကျောက်ချောလမ်းဆိုရင်တော့ အဆင်ပြေတာပေါ့ကွာ ဖုန်လည်းမထတော့ဘူးကျင်းတွေ၊ ချိုင့်တွေလည်း မရှိတော့ဘူးဟု ရွာသားများမှ ပြောသောကြောင့် ပုံဆွဲသူမှ ကျော်ကချောလမ်းပုံစံကို ဆွဲ၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

(ဝင်းမို့မို့အေး)

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးပေါလှိုင် | | ၂ | ဦးရဲသန်း | |
| ၃ | ဦးစိန်လင်း | | ၄ | ဦးတင်စိုး | |
| ၅ | ဦးရွှေမြ | | ၆ | ဦးထွန်းပန် | |
| ၇ | ဒေါ်ငွေသိန်း | | ၈ | ဒေါ်ခင်စန်း | |
| ၉ | ဒေါ်တင်ရှိန် | | ၁၀ | ဒေါ်အေးဝမ်း | |
| ၁၁ | ဒေါ်အေးလွင် | | ၁၂ | ဒေါ်ဆိုး | |
| ၁၃ | ဒေါ်ခင်တင့် | | ၁၄ | ဒေါ်မာရီ | |
| ၁၅ | ဒေါ်နွဲ့ဝေ | | ၁၆ | ဒေါ်ညိုငွေး | |
| ၁၇ | | | ၁၈ | | |
| ၁၉ | | | ၂၀ | | |
| ၂၁ | | | | | |


မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

``လူမှုကာကွယ်စောင့်ရှောက်မှု အခြေအနေပြဇယား´´

1.1.2017




အမျိုးသား —

အမျိုးသမီး —

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

## ``လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြဇယား´´အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး၊ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်။ ဘွဲ့ရဦးရေ (၂၃)ဦးရှိပါသည်။ အများစုမှာ တောင်သူလုပ်ကိုင်ကြပါသည်။ အခြား လူများမှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား၊ အစိုးရဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

### စီးပွားရေး

ကန်ပူးကျေးရွာတွင် စီးပွားရေးအနေဖြင့် အများစုမှာ တောင်သူလုပ်ကိုင်ကြပါသည်။ ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသားများမှာ (၉၀%)ရှိပြီး အမျိုးသမီးများမှာ (၇၀%)ရှိပါသည်။ ရွာ၏ရပ်ရေးရွာရေး မိသားစုအရေးတွင် အမျိုးသားများမှာ (၉၀%)ရှိ၍ အမျိုးသမီးများမှာမူ (၃၀%)သာရှိပါသည်။ ရှာဖွေထားသောပစ္စည်းဥစ္စာများ ပိုင်ဆိုင်မှုတွင်မူ လယ်ယာခြံမြေ၊ ကား၊ ဆိုင်ကယ်စသည့်တို့တွင် အမျိုးသားများ၏နာမည်ဖြင့်ဝယ်ယူပြီး၊ ရွှေလက်ဝတ်ရတနာပစ္စည်းများကိုမူ အမျိုးသမီးနာမည်ဖြင့်သာဝယ်ယူကြသောကြောင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင် အမျိုးသားများမှာ (၈၀%)ရှိ၍ အမျိုးသမီးများမှာလည်း (၈၀%)ရှိပါသည်။

### ပညာရေး

ပညာရေးအနေဖြင့် ရွာတွင် ယခင်ကအမျိုးသမီးများကို လေးတန်းအောင်လျှင်ကျောင်းထွက်ခိုင်းကြသော်လည်း ယခုအခါတွင်မူ အမျိုးသားများနှင့်တန်းတူထားသောကြောင့် ပညာတတ်မြောက်မှုတွင် အမျိုးသားရော အမျိုးသမီးပါ (၈၀%)ရှိပါသည်။ ပညာတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရွေးချယ်ရာတွင်မူ အမျိုးသားများမှာနေရာဒေသမရွေးသွားရောက်လုပ်ကိုင်နိုင်ခြင်း၊ ခေါ်ယူသောလုပ်ငန်းအများစုမှာလည်း အမျိုးသားများကိုဦးစားပေးခေါ်ကြသဖြင့် အမျိုးသားများမှာ (၉၀%)ရှိပြီး အမျိုးသမီးများမှာမူ (၇၀%)သာရှိပါသည်။ လုံခြုံမှုတွင်မူ အမျိုးသားများမှာ (၁၀၀%)ရှိပြီး အမျိုးသမီးများမှာမူ မိဘများကစိတ်မချ၍ အခြားနေရာများသို့ မလွှတ်ခြင်းစသည့်အကြောင်းကြောင်းတို့ကြောင့် အမျိုးသမီးများမှာမူ (၆၀%)သာရှိပါသည်။

### ကျန်းမာရေး

ကန်ပူးကျေးရွာတွင် ဆေးပေးခန်း မရှိပါ။ ဆေးပေးခန်းဆောက်လုပ်ရန်အတွက် ငွေကြေးမှာလည်း ရွာသားများတွင်အလုံအလောက်မရှိပါ။ ထို့ကြောင့် ရွာနီးနားရှိ ကျန်းမာရေးအခြေခံဝန်ထမ်းများကို အားထားနေရပါသည်။ ဆေးပေးခန်းဆောက်လုပ်နိုင်ရန်အတွက် ပူးပေါင်းလုပ်ဆောင်မှုတွင် အမျိုးသားများမှာ(၈၀%)ရှိပြီး အမျိုးသမီးများမှာ (၇၀%)သာရှိပါသည်။ ခေါင်းဆောင်မှုအခြေအနေတွင် အမျိုးသားများမှာ(၈၀%)ရှိပြီး၊ အမျိုးသမီးများမှာ(၆၀%)သာရှိပါသည်။ အရင်းအမြစ်အပေါ် လက်လှမ်းမီသုံးစွဲနိုင်မှုအခြေအနေမှာလည်း အမျိုးသားများမှာ (၈၀%)ရှိပြီး၊ အမျိုးသမီးများမှာ(၇၀%)ရှိပါသည်။ ထို့ကြောင့် မိသားစုအရေးများသာမက ရပ်ရေး၊ ရွာရေးအတွက် ခေါင်းဆောင်နိုင်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ အရင်းအမြစ်ပေါ် လက်လှမ်းမှီသုံးစွဲနိုင်မှု အစရှိသည်တို့တွင် အမျိုးသားများကသာ လုပ်ပိုင်ခွင့်ပို၍ရကြပါသည်။ သို့သော် အိမ်မှုကိစ္စဆောင်ရွက်နိုင်မှုတွင်မူ အမျိုးသားများမှာ (၅၀%)ရှိပြီး အမျိုးသမီးများမှာ(၉၀%)ရှိပါသည်။



CS CamScanner

## အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``လူမှုကာကွယ်စောင့်ရှောက်မှု အခြေအနေပြဇယား´´ အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ လူမှုကာကွယ်စောင့်ရှောက်မှု အခြေအနေ

| | | | |
|---|---|---|---|
| နေ့စွဲ၊ | (၁.၁.၂၀၁၇) | အစည်းအဝေးစတင်ချိန် | (၁း၃၀) |
| အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် | | အစည်းအဝေးပြီးဆုံးချိန် | (၃ း၃၀) |
| ပံ့ပိုးသူ၏အမည် - | ဝင်းမိုးမိုးအေး | အစည်းအဝေးကြာချိန် | (၂)နာရီ |

**ဆွေးနွေးသည့်အကြောင်းအရာများ** - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``လူမှုကာကွယ်စောင့်ရှောက်မှု အခြေအနေပြဇယား´´ ရေးဆွဲရာတွင် ကျေးရွာလက်စွဲစာအုပ်သင်တန်းတက်ရောက်ထားသော ဦးရွှေမြနှင့် ကိုနေလင်းအောင်မှ အစည်းအဝေးခေါ်ရခြင်း၏ ရည်ရွယ်ချက်ကို ရွာသားများအား ရှင်းပြပါသည်။ ထို့နောက်တွင် ကိုနေလင်းအောင်မှ ရွာရှိ အမျိုးသားများ၏ ခေါင်းဆောင်မှုအခြေအနေကို မေးရာ ဦးစိန်လင်းမှ အမျိုးသားများကတော့(၈၀%)ရှိတယ်ဟုပြောလေ၏။ ဇယားရေးဆွဲသူမှ အမျိုးသမီးများ၏ ခေါင်းဆောင်မှုအခြေအနေကို ဒေါ်အေးလွင်မှ အမျိုးသမီးများကတော့(၆၀%)ပဲရှိတယ်ဟုပြောလေ၏။ ပြောသည့်အတိုင်းပင် ဇယားဆွဲသူမှ ရေးလိုက်၏။ ဦးရွှေမြမှ ဝင်ငွေရှာဖွေနိုင်မှုကရော အမျိုးသားများမှာ ဘယ်နစ်ရာနိုင်နှုန်းရှိလဲဟုမေးရာ ဦးပေါ်လှိုင်မှ အမျိုးသားများကတော့ ဘယ်အလုပ်အဆိုလုပ်နိုင်တယ်ကွ ဒါကြောင့်(၉၀%)တော့ရှိတယ်ဟုပြောလေ၏။ အမျိုးသမီးများကတော့ (၇၀%)လောက်ပဲရှိတယ်ဟု ဒေါ်ခင်စန်းမှပြောလေ၏။ ဇယားဆွဲသူမှလည်း ထိုအတိုင်းပင်လိုက်၍ရေးလေ၏။ အိမ်မှုကိစ္စဆောင်ရွက်မှုအတွက်ကရောဟု ဇယားဆွဲသူမှမေးရာ အမျိုးသားများကတော့ အိမ်မှုကိစ္စဆိုသိမ့်မလုပ်ကြဘူးကွာ အဲတော့(၅၀%)ပဲရှိတာကွဟု ဘကြီးကျန်မှပြောလေ၏။ အမျိုးသမီးများကတော့ (၉၀%)ရှိတယ်ဟု ဒေါ်ခင်စန်းမှပြောလေ၏။ ထိုအတိုင်းပင် ဇယားဆွဲသူမှလည်း ရေးလေ၏။ ၄င်းအပြင် ဇယားဆွဲသူမှ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကရောဟုမေးရာ အမျိုးသားများနဲ့ အမျိုးသမီးများ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကတော့ ငါတို့ရွာမှာတော့ (၈၀%)အတူတူပဲပေါ့ကွာဟု ရွာသားများမှပြောသည့်အတိုင်းပင် ဇယားဆွဲသူမှ လိုက်၍ရေးနေလေ၏။ လုံခြုံမှုကရောဟုမေးရာ အမျိုးသားများကတော့ဘယ်သွားသွား၊ ဘာလုပ်လုပ် အန္တရာယ်အစိုးရိမ်ရဘူးပေါ့ကွာ အဲတော့ အမျိုးသားများက(၁၀၀%)ပေါ့ကွာဟု ဦးတိုက်ကြီးကပြောလေ၏။ အမျိုးသမီးများကတော့ (၆၀%)ပဲရှိတာဟု ဒေါ်မာရီမှ ပြောလေ၏။ ထိုအတိုင်းပင် ဇယားဆွဲသူမှလိုက်၍ ရေးလေ၏။ ၄င်းပြင် ပညာတတ်မြောက်မှုကရောဟုမေးရာ ပညာတတ်မြောက်မှုမှာတော့ အမျိုးသားများနဲ့ အမျိုးသမီးများ အတူတူပဲ(၈၀%)ပါပဲဟု ရွာသားများမှပြောလေ၏။ ထိုအတိုင်းပင် ဇယားဆွဲသူမှလိုက်၍ ရေးလေ၏။ ထို့ပြင် ရပ်ရေးရွာရေးဆုံးဖြတ်ချက်ချမှုကရောဟု မေးရာ အမျိုးသားတွေကတော့(၉၀%)ဟု ရွာသားများမှပြောလေ၏။ အမျိုးသမီးများကတော့ (၃၀%)ပဲရှိတယ်ဟု ဒေါ်သန်းအေးမှပြောလေ၏။ ဇယားဆွဲသူမှထိုအတိုင်းပင် လိုက်ရေးလေ၏။ ၄င်းအပြင် ဇယားဆွဲသူမှ အရင်းအမြစ်အပေါ် လက်လှမ်းမှီသုံးစွဲနိုင်မှုကရောဟုမေးရာ အမျိုးသားများကတော့ (၇၀%)ပဲရှိတာဟု ဦးမြတ်ထွန်းမှပြောလေ၏။ အမျိုးသမီးများကတော့(၈၀%)ရှိတယ်ဟု ဒေါ်ခင်မြင့်ဆွေမှပြောလေ၏။ ထိုအတိုင်းပင်ဇယားဆွဲသူမှ လိုက်ရေးလေ၏။ ပူးပေါင်းလုပ်ဆောင်မှုကရောဟုမေးရာ အမျိုးသားများကတော့(၈၀%)ရှိတယ်၊ အမျိုးသမီးများကတော့ (၇၀%)ရှိတယ်ဟု ရွာသားများမှပြောလေ၏။ ထိုအတိုင်းပင်ဇယားဆွဲသူမှ လိုက်၍ရေးလေ၏။ ၄င်းအပြင် အလုပ်အကိုင်အခွင့်အလမ်းကရောဟုမေးရာ အမျိုးသားများကတော့(၉၀%)၊ အမျိုးသမီးများကတော့ (၇၀%)ပဲရှိတယ်ဟု ရွာသားများမှပြောသည့်အတိုင်းပင် ဇယားဆွဲသူမှလိုက်၍ရေးလေ၏။ (ဝင်းမို့မို့အေး)

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဒေါ်လှမြင့် | | ၂ | ဒေါ်အေးဝမ်း | |
| ၃ | ဒေါ်အေးလွင် | | ၄ | ဒေါ်ဆိုး | |
| ၅ | ဒေါ်မာရီ | | ၆ | ဦးမြတ်ထွန်း | |
| ၇ | ဦးတိုက်ကြီး | | ၈ | ဦးရွှေမြ | |
| ၉ | ဦးတင်စိုး | | ၁၀ | ဦးကျန် | |
| ၁၁ | ဦးပေါလှိုင် | | ၁၂ | ဦးဇော်ဝင်း | |
| ၁၃ | ဦးခင်မြေ့ | | ၁၄ | ဒေါ်ခင်စန်း | |
| ၁၅ | ဒေါ်ကျင်ဆန်း | | ၁၆ | ဒေါ်ဝင်းမြ | |
| ၁၇ | ဦးအုံးခင် | | ၁၈ | | |
| ၁၉ | | | ၂၀ | | |
| ၂၀ | | | | | |

မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

ကျန်းမာရေးအတွက် လုပ်ဆောင်ရန်

- ကျန်းမာရေးကျွမ်းကျင်သူ့သင်တန်း
- ဆေးခန်းဆောက်၊ ပြုပြင်
- ဆေးများလုံလောက်ရန်
- သားဖွားဆရာမ
- ကာကွယ်ဆေးများ

(..............................)

လူမှုရေးအတွက်လုပ်ဆောင်ရန်

- သက်ကြီးရွယ်အို(နွမ်းပါးသော)စောင့်ရှောက်ရေး
- သာရေး နာရေးအတွက်
- မသန်စွမ်း (နွမ်းပါးသော)သူများစောင့်ရှောက်ရေး
- အသင်း၊ အဖွဲ့များဖွဲ့စည်းရေး
- အားကစားနှင့်ပတ်သက်သော
- အမျိုးသမီးများအသင်းအဖွဲ့

စီးပွားရေးအတွက်လုပ်ဆောင်ရန်

- ရင်းနှီးမတည်ငွေ(ချေးငွေ)၊ စိုက်ပျိုး၊ အရောင်းဆိုင်စသဖြင့်
- ကုန်စည်ဒိုင်၊ အစုအဖွဲ့ အသင်းထောက်ခြင်း

ဆက်သွယ်၊ ပို့ဆောင်ရေးအတွက် လုပ်ဆောင်ရန်

- ဖုန်းကဒ်(၁ ကဒ်)
- တာဝါတိုင်

- လမ်း (ရွာအတွင်းပိုင်း၊ ရွာချင်းဆက်) → ကျောက်ကြမ်း / မြေနီခင်း / တည္ဆရာ } လမ်းအသစ်ဖြစ်ခြင်း
- တံတား (သစ်သား၊ ကွန်ကရစ်၊ ဝါး) → အသစ်ဆောက် / အဟောင်းပြုပြင်
  (အရှည်၊ အမြင့်၊ အကျယ်)
- ရေကျော် - (အရှည်၊ အကျယ်) → အသစ် / အဟောင်း

စိုက်ပျိုးရေးအတွက် လုပ်ဆောင်ရန်

* ဆည်
* တံမံ
* ရေသွင်းမြောင်း
* မြေဆီလွှာထိမ်းသိမ်းခြင်း
* လယ်၊ ယာ၊ မြေ ဖော်ထုတ်ခြင်း
* ရှာပိုင်ထွန်စက်

မွေးမြူရေးအတွက် လုပ်ဆောင်ရန်

* စာကျက်မြေသတ်မှတ်ခြင်း
* ကာကွယ်၊ ကုသ၊ ပညာပေး

ပညာရေးအတွက်လုပ်ဆောင်ရန်

* ဆရာမ( ၉ )ဦး
* ကျောင်းပြုပြင်ခြင်း
  (တံတား၊ ကြမ်းခင်း . . . .စသဖြင့် ဖော်ပြရန်)
* ကျောင်းအသစ်ဆောက်ရန်
* ကျောင်းပရိဘောဂ
* (စာသင်ခုံ၊ သင်ပုန်း၊ စသည်ဖြင့်)
* ကျောင်းအားကစားကွင်း
* မူကြိုကျောင်း
* စာကြည့်တိုက်ဆောက်၊ ပြုပြင်
  (စာအုပ်များ၊ အင်တာနက်နှင့် ကွန်ပျူတာစသည်ဖြင့်)
* ပညာရေးသင်ကြားတတ်မြောက်မှု အရည်အသွေးတိုးတက်လာရန်။

လျှပ်စစ်မီးအတွက်လုပ်ဆောင်ရန်

* KW အစိုးရလျှပ်စစ်မီး(၂ မိုင်အတွင်း)
* ဆိုလာလျှပ်စစ်မီး (၂၃၅)စုံ (၂ မိုင်အတွင်း)
* ရေအားလျှပ်စစ်မီး
* လေအားလျှပ်စစ်မီး
* ဆိုလာမီးဖို(ချက်ပြုတ်ရန်)

သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးအတွက်လုပ်ဆောင်ရန်

* သစ်တောများပြန်လည် စိုက်ပျိုးတည်ထောင်ခြင်း
* သစ်တောကြိုးဝိုင်းသတ်မှတ်ထိမ်းသိမ်းခြင်း
* အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း
* သစ်တောကာကွယ်ရေးဥပဒေထုတ်ပြန်သတ်မှတ်ပေးရန်

ကျေးရွာစွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက်လုပ်ဆောင်ရန်

* သင်တန်း
* စိုက်ပျိုးရေး
* မွေးမြူရေး
* ကျန်းမာရေး
* စီးပွားရေး(ဈေးကွက်၊ စာရင်းအင်းစသဖြင့်)
* ကိုယ့်အားကိုယ်ကိုးအဖွဲ့ တည်ထောင်ခြင်း
* သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး
* မြေဆီလွှာထိမ်းသိမ်းရေး
* ကျေးရွာလူငယ်များ ဗဟုသုတနှင့် ခေါင်းဆောင်မှုစွမ်းရည်မြှင့် သင်တန်း
* အမျိုးသမီးများ အိမ်တွင်းမှု ပညာသင်တန်း
* အမျိုးသမီးနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုမှ လျှော့ချရေးဥပဒေရေးရာသင်တန်း
* အမျိုးသမီးများ ဦးဆောင်မှုစွမ်းရည်မြှင့်သင်တန်း
* သဘာဝဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးသင်တန်းနှင့် ကိရိယာများ
* အသက်မွေးဝမ်းကျောင်းသင်တန်းများ
  (စက်ချုပ်၊ စက်ပြင်၊ ဖုန်းပြင်၊ စက်ဘီးပြင်၊ ဂဟေဆော်လက်သမား၊ ပန်းရံလျှပ်စစ်ပစ္စည်းပြုပြင်၊ ဇာထိုး၊ ပန်းထိုး..........)

အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဒေသထွက်ကုန်တိုးမြှင့်ရေး

* တန့်ကြည့်တောင်သစ်တောထိမ်းသိမ်းရေး(စိမ်းလန်းစိုပြည်ရန် သစ်တောစိုက်ခြင်း)
* ဖျော်ရည်စက်ရုံ( ဒီး၊ မန်ကျည်း)
* ဘိလပ်မြေစက်ရုံ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏
အဆင့်ခွဲသတ်မှတ်ခြင်း နှိုင်းယှဉ်ပြဇယား

| စဉ် | | လျှပ်စစ်မီး | မူလတန်းကျောင်း အုတ်တံတိုင်း | ကျေးလက် စာကြည့်တိုက် | ရွာလယ်လမ်း ပြုပြင်ရန် | ကျေးလက် ဆေးပေးခန်း | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီး | | လျှပ်စစ်မီး | လျှပ်စစ်မီး | လျှပ်စစ်မီး | လျှပ်စစ်မီး | ၄ | ၁ |
| ၂ | မူလတန်းကျောင်း အုတ်တံတိုင်း | | | မူလတန်းကျောင်း အုတ်တံတိုင်း | မူလတန်းကျောင်း အုတ်တံတိုင်း | မူလတန်းကျောင်း အုတ်တံတိုင်း | ၃ | ၂ |
| ၃ | ကျေးလက် စာကြည့်တိုက် | | | | ရွာလယ်လမ်း ပြင်ရန် | ကျေးလက် စာကြည့်တိုက် | ၁ | ၄ |
| ၄ | ရွာလယ်လမ်း ပြင်ရန် | | | | | ရွာလယ်လမ်း ပြင်ရန် | ၂ | ၃ |
| ၅ | ကျေးလက် ဆေးပေးခန်း | | | | | | ၁ | ၅ |

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

``အဆင့်ခွဲသတ်မှတ်ခြင်းဇယား´´အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး၊ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်။ ဘွဲ့ရဦးရေ (၂၃)ဦးရှိပါသည်။ အများစုမှာ တောင်သူလုပ်ကိုင်ကြပါသည်။ အခြား လူများမှာ တွင်ခုံ၊ ဂဟေဆက်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား၊ အစိုးရဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

စီးပွားရေး

ကန်ပူးကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သောကြောင့် စီးပွားရေးအတွက် မိုးလေဝသကို အားထားနေရပါသည်။ မိုးလေဝသမမှန်သောနှစ်များတွင် စိုပ်ပျိုးသီးနှံများမှာ ပျက်စီးဆုံးရှုံးရပါသည်။ စိုက်ပျိုးသီးနှံများပျက်စီး ဆုံးရှုံးသောကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူများမှာ စီးပွားရေးအခက်အခဲနှင့်ကြုံရပါသည်။ တောင်သူများ၏စီးပွားရေးခက်ခဲလျှင် လယ်ကူလီ၊ သူရင်းငှာစသည့် နေ့စားလုပ်သားများ၏ စီးပွားရေးမှာ ပို၍ပင်ခက်ခဲလှပါသည်။ အကြောင်းမှုကနေ့စားအလုပ်သမားများ၏ စားဝတ်နေရေးမှာ စိုက်ပျိုးရေးလုပ်ကိုင်သောတောင်သူများအပေါ်တွင် မူတည်နေသောကြောင့်ဖြစ်ပါသည်။ စားဝတ်နေရေးအဆင်မပြေသောကြောင့် ၎င်းတို့၏သားသမီးများ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်ပေးနိုင်မှုမှာလည်း အားနည်းလှပါသည်။ ထို့ကြောင့် ယခုအခါတွင် ကန်ပူးရွာ၌ အချို့သောသူများသည် ၎င်းတို့၏ စားဝတ်နေရေးအတွက် ပြည်တွင်းရပ်ဝေးဒေသများသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်နေသောသူများလည်း ရှိပါသည်။

ပညာရေး

ကန်ပူးကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင်တည်ရှိသောကြောင့် နှစ်စဉ်နှစ်တိုင်းလိုပင် ရေရှားပါးမှုနှင့်ကြုံတွေ့ရပါသည်။ ထို့ကြောင့် ကျောင်းသားများအနေဖြင့် ရွာနီးချင်းရွာများရှိ ရေတွင်း၊ ရေကန်များသို့ ရေခပ်သွားရခြင်းကြောင့် စာကျက်ချိန်များလျော့နည်းရပါသည်။ ၎င်းပြင် မိဘများမှာ စားဝတ်နေရေးအတွက် ရာဖွေလုပ်ကိုင်နေရသောကြောင့် အချို့သောကလေးသူငယ်များမှာ ထမင်းချက်ရပါသည်။ ထို့ကြောင့် မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်ရပါသည်။ ထို့ကြောင့် မိမိတို့ရွာအတွက် လျှပ်စစ်မီးနှင့် စက်ရေတွင်းစသည်တို့ရရှိရန်လိုအပ်လှပါသည်။ လျှပ်စစ်မီးနှင့်စက်ရေတွင်းရရှိပါက ရေခပ်ရခြင်းအတွက် အချိန်ကုန်လူပင်ပန်းခြင်း မီးနှင့်ချက်ပြုတ်ရခြင်းအတွက် မီးဘေးအန္တရာယ်မှ ကင်းဝေးပြီး စာကျက်ချိန်များလည်း ရရှိလာနိုင်ပါသည်။

ကျန်းမာရေး

ကန်ပူးကျေးရွာတွင် တောင်သူလုပ်ကိုင်သူများနှင့်လယ်ကူလီ၊ သူရင်းငှားစသည့်နေ့စားလုပ်ကိုင်သည့် လူအများစုသည် နေပူသည်၊ မိုးရွာသည်ဟုမရွေးဘဲ တောမှပြန်ရောက်ရောက်ချင်းပင် ရေချိုးလေ့ရှိကြပါသည်။ ထိုသို့ရေချိုးမဆင်ချင်ခြင်း အချိန်ကြာလာသည့်အခါတွင် နာမကျန်းဖြစ်ကြပါသည်။ နာမကျန်းဖြစ်သောအခါ ဆေးရုံဆေးခန်းသို့ သွားရောက်ပြသရန်အတွက် အများစုမှာ ပိုက်ဆံမတတ်နိုင်ကြပါ။ ထို့ကြောင့် ကျေးရွာရှိ ဆေးမီးတိုများနှင့်ကုသခြင်း၊ ဆေးဆိုင်များတွင် ဆေးစပ်ခိုင်းခြင်းဖြင့် ကုသကြပါသည်။ ထိုသို့ကုသခြင်းမှ မသက်သာလျှင် ရွာနီးနားရှိ ဗိန္ဓောဆရာများနှင့် ကုသကြပါသည်။ ထိုသို့ကုသခြင်းကြောင့် အချို့သောသူများမှာ သက်သာပျောက်ကင်းသွားပြီး အချို့မှာပိုဆိုးသွားသည်များလည်းရှိပါသည်။ ထိုသို့မိဘများကိုယ်တိုင်းက ကျန်းမာရေးအသိပညာဗဟုသုတနည်းပါးသောကြောင့် ၎င်းတို့၏သားသမီး

များ နားမကျန်းဖြစ်လျှင်လည်း ဆေးခန်းသို့မပြဘဲ ထိုနည်းများအတိုင်း ကုသကြပါသည်။ အကယ်၍ ရောဂါပြင်းထန်ပြီး မသက်သာသည့်အဆုံးမှသာ ဆေးရုံဆေးခန်းသို့ သွားရောက်ကုသကြပါသည်။ ထို့ကြောင့် ရွာ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ အားနည်းသောကြောင့် ဆေးပေးခန်း(သို့မဟုတ်)ကျန်းမာရေးကျွမ်းကျင်ဝန်ထမ်းရှိရန်လိုအပ်လှပါသည်။

ဘာသာရေး

ကန်ပူးရွာ၏ တောင်ဘက် (၇)ဖာလုံခန့်အကွာတွင် ဘန်းတော်ကြီးကျောင်းရှိပါသည်။ လစဉ်လဆန်း(၈)ရက်၊ လပြည့်နေ့တွင် ရွာရှိလူကြီးများသည် ဘုန်းကြီးကျောင်းသို့ ဥပုသ်စောင့်သွားကြပါသည်။ ဝါတွင်းဥပုဒ်နှင့် သင်္ကြန်ကဲ့သို့သော အခါကြီးရက်ကြီးများတွင်မူ ရွာရှိလူငယ်လူရွယ်များမှ ဦးဆောင်ပြီး အမှိုက်လှဲခြင်း၊ သောက်ရေအိုးဖြည့်ခြင်း၊ ပန်းကန်ဆေးခြင်းတို့ကို ပြုလုပ်ကြပါသည်။ ၎င်းပြင် ရွာရှိအိမ်များမှ ၎င်းတို့တတ်နိုင်သလောက်ထည့်ဝင်သော ပိုက်ဆံများကိုစု၍ ဘုန်းတော်ကြီးများကို ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဘုန်းတော်ကြီးကျောင်းသို့လာရောက်သောသူများကို အဟာရဒါနတိုက်ကျွေးခြင်းစသဖြင့် မိမိတို့တတ်နိုင်သော ကုသိုလ်တို့ကို ပြုလုပ်ရသည်မှာ ရွာသားအချင်းချင်း စည်းလုံးညီညွတ်ခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်းစသည့်တို့ကို ရရှိစေပါသည်။

လူမှုရေး

လူမှုရေးတွင် လူမှုရေးအနေဖြင့် ရွာရှိ အလှူပွဲ၊ မင်္ဂလာပွဲ၊ ဘုရားပွဲ၊ သာရေးနာရေးစသည်တို့တွင် ရွာရှိ လူကြီး၊ လူငယ်များအားလုံးတက်ကြွစွာပါဝင်ကြပါသည်။ ထိုပွဲများတွင် အမျိုးသားများမှာ ချက်ပြုတ်ခြင်း၊ ရေစည်လှည်းတိုက်ခြင်း၊ မဏ္ဍာပ်ဆောက်ခြင်းစသည့် ကိစ္စရပ်များကိုလုပ်ကိုင်ကြပါသည်။ အမျိုးသမီးများမှာ အိုးခွက်ပန်းကန်များ၊ ဖျာများ၊ ငှားရမ်းခြင်း၊ အမှိုက်လှဲခြင်း၊ ကြွရောက်လာသော ဧည့်ပရိတ်သတ်များကို ဧည့်ခံခြင်းစသဖြင့် လုပ်ကိုင်ကြပါသည်။ ၎င်းပြင် ကန်ပူးရွာမှ ပြည်တွင်းရပ်ဝေးသို့ အခြေချ နေထိုင်သူများမှလည်း စုပေါင်း၍နှစ်စဉ်နှစ်တိုင်း ရွာသားများကို မိသားစုတစ်စုလျှင် ဆန်၊ ငါးကလေးခြောက်၊ ခေါက်ဆွဲထုပ်၊ တစ်ခါတစ်ရံ၊ ထဘီ၊ ခေါင်းလျှော်ရည်ဘူးစသဖြင့် ၎င်းတို့တတ်နိုင်သမျှ ကုသိုလ်ပြုလုပ်ကြပါသည်။ ထိုအခါ ရွာသားများမှလည်း ဒေသထွက်ကုန်များဖြစ်သော ထန်းလျက်၊ မြေပဲ၊ ဆီ၊ လက်သုပ်ပဝါချည်ထည် စသဖြင့်လက်ဆောင်ပြန်ပေးကြပါသည်။

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``အဆင့်ခွဲသတ်မှတ်ခြင်းပြဇယား'' အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်၊ လူမှုကာကွယ်စောင့်ရှောက်မှု အခြေအနေ

နေ့စွဲ၊ (၂၆.၀၂.၂၀၁၆) အစည်းအဝေးစတင်ချိန် (၁း၃၀)

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် (၃ း၃၀)

ပံ့ပိုးသူ၏အမည် - ဝင်းမိုးမိုးအေး အစည်းအဝေးကြာချိန် (၂)နာရီ

ဆွေးနွေးသည့်အကြောင်းအရာများ - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``အဆင့်ခွဲသတ်မှတ်ခြင်း အခြေအနေပြဇယား'' ရေးဆွဲရာတွင် ကျေးရွာလက်စွဲစာအုပ်သင်တန်းတက်ရောက်ထားသော ဦးရွှေမြနှင့် ကိုနေလင်းအောင်မှ အစည်းအဝေးခေါ်ရခြင်း၏ ရည်ရွယ်ချက်ကို ရွာသားများအား ရှင်းပြပါသည်။ ထို့နောက်အစည်းအဝေးတက်ရောက်လာသူများက ရွာ၏လိုအပ်ချက်များဖြစ်သော လျှပ်စစ်မီး၊ ရွာလယ်လမ်း၊ မူကြိုကျောင်း၊ ဆေးပေးခန်း စသည်တို့ကိုထည့်ရန် ဇယားဆွဲသူကိုနေလင်းအောင်အားပြောပါသည်။ ထို့ကြောင့်ကိုနေလင်းအောင်မှ ၎င်းတို့ပြောသောလိုအပ်ချက်များကို ဇယားကွက်တွင် ဒေါင်လိုက်ရောအလျားလိုက်ပါ အစဉ်လိုက်ချရေးပါသည်။

ထို့နောက်ဇယားဆွဲရင်းဖြင့် ကိုနေလင်းအောင်မှ စက်ရေတွင်းနှင့် စက်ရေတွင်း၊ လျှပ်စစ်မီးနှင့် လျှပ်စစ်မီး၊ ရွာလယ်လမ်းနှင့် ရွာလယ်လမ်း၊ မူကြိုကျောင်းနှင့် မူကြိုကျောင်း၊ ဆေးပေးခန်းနှင့် ဆေးပေးခန်း စသည်တို့မှာ တူညီနေသဖြင့် အဆင့်ခွဲ၍မရကြောင်း ရှင်းပြပါသည်။ ထို့နောက် စက်ရေတွင်းနှင့် လျှပ်စစ်မီးကို အဆင့်ခွဲရာတွင် မည်သည်ကိုအရင်ရေးရမည်နည်းဟု ဇယားဆွဲသူမှ ရွာသားများအားမေးရာ ဒေါ်ခင်စန်းမှ လျှပ်စစ်မီးအရင်ရေးလိုက်ဟုပြောပါသည်။ ထိုအခါ ဒေါ်ခင်စီမှ စက်ရေတွင်းကို အရင်ရေးသင့်ကြောင်း မိမိတို့ရွာသည် နှစ်စဉ်နှစ်တိုင်းနွေရာသီမရောက်ခင်ကပင် ရေပျက်လပ်လေ့ရှိသောကြောင့် နွားနှင့်လူများအတွက်ပါ ဒုက္ခရောက်ရသဖြင့် စက်ရေတွင်းကိုအရင်ရေးသင့်ကြောင်း စသဖြင့်ငြင်းခုန်ကြပါသည်။ ထိုအချိန်တွင် အခြားသူများမှလည်း စက်ရေတွင်းအရင်ရေးသင့်သည်ဟု မှတ်ချက်ပြုသောကြောင့် ဇယားဆွဲသူမှ စက်ရေတွင်းကိုအရင်ရေးလိုက်ပါသည်။ ထို့နောက် စက်ရေတွင်းနှင့် ရွာလယ်လမ်း၊ မူကြိုကျောင်း၊ ဆေးပေးခန်းစသည်တို့ကို အဆင့်ခွဲရာတွင်အများစုမှ စက်ရေတွင်းကို အရင်ရေးသင့်ကြောင်းပြောသဖြင့် စက်ရေတွင်းကိုရေးလိုက်ပါသည်။ ၎င်းပြင် လျှပ်စစ်မီးနှင့် ရွာလယ်လမ်း၊ မူကြိုကျောင်း၊ ဆေးပေးခန်း အဆင့်ခွဲရာတွင် လျှပ်စစ်မီးကိုအရင်ရေးသင့်ကြောင်း အများကထောက်ခံသောကြောင့် လျှပ်စစ်မီးကို ရေးလိုက်ပါသည်။ ထို့နောက် ရွာလယ်လမ်းနှင့် မူကြိုကျောင်း၊ ဆေးပေးခန်းတို့ကို အရင်ရေးသင့်သည်စသဖြင့် တစ်ယောက်တစ်မျိုး အငြင်းအခုန်ဖြစ်ကြရာ ဇယားဆွဲသူမှ ``ဒါဖြင့်လည်း ရွာလယ်လမ်း၊ မူကြိုကျောင်း၊ ဆေးပေးခန်းစသဖြင့် လက်ထောင်ပြီး လူခွဲနေ၍ရေတွက်လိုက်ပါ''ဟုပြောလေ၏။ ရေတွက်ပြီးသောအခါ ရွာလယ်လမ်းကများသောကြောင့် ရွာလယ်လမ်းကိုအရင်ရေးလိုက်၏။ ထို့နောက်တွင် မူကြိုကျောင်းနှင့် ဆေးပေးခန်းကို အဆင့်ခွဲရာတွင် မူကြိုကျောင်းကိုအရင်ရေးသင့်ကျောင်းအများကပြောသဖြင့် မူကြိုကျောင်းကိုရေးလိုက်၏။ ဆေးပေးခန်းကိုမူ နောက်ဆုံးမှရေးလိုက်၏။ အကြောင်းမှာ ဆေးပေးခန်းကိုအရင်ရေးသင့်ဟုပြောသောအရေအတွက်မှာ လူနည်းစုဖြစ်သောကြောင့်ဖြစ်သည်။ ထို့နောက်တွင် ရမှတ်များခွဲလိုက်သောအခါ စက်ရေတွင်းးက(၄)မှတ်၊ လျှစ်စစ်မီးက(၃)မှတ်၊ ရွာလယ်လမ်းက(၂)မှတ်၊ မူကြိုကျောင်းက(၁)မှတ်၊ ဆေးပေးခန်းက(၀)မှတ် စသဖြင့်ဇယားဆွဲသူက ရွာသားများအားပြောနေလေ၏။ ထို့ကြောင့်

•

ကော်မရှင်ဥက္ကဋ္ဌအဆင့်(၁)၊ လျှပ်စစ်ဓာတ်အား အဆင့်(၂)၊ ရှာဖွေသိရှိခြင်း အဆင့်(၃)၊ မြို့ပြစီမံကိန်း အဆင့်(၄)၊ ဓာတ်ခွဲခန်း အဆင့်(၅)စသဖြင့် အသီးသီးအဆင့်မြှင့်တင်ကာ ဖြစ်ပေါ်ခဲ့ကြောင်း ရှာဖွေများစွာ ဖော်ပြခဲ့သည်။ ထို့နောက်ပိုင်းတွင် ယနေ့အဆင့်ဖွံ့ဖြိုးတိုးတက်လာရေး အတွက် အစည်းအဝေးများ ကျင်းပခဲ့ကြောင်း အထူးကျေးဇူးတင်ပါကြောင်း ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီး မြန်မာနိုင်ငံ(၁၀၀)နှစ်ပြည့်တွင် အစည်းအဝေးကြီးကျင်းပခဲ့ သည်။

(ခင်မိုးမြင့်အေး)

အဖွဲ့ဝင်အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးကျန် | | ၂ | ဦးမြင့် | |
| ၃ | ဦးဖေသါလှိုင် | | ၄ | ဦးသိန်းအေး | |
| ၅ | ဦးစဝ်မြေ့ | | ၆ | ဦးစိုးသန်း | |
| ၇ | ဦးတောင်ဦး | | ၈ | ဦးစိန်လင်း | |
| ၉ | ဒေါ်အေးကျွင် | | ၁၀ | ဒေါ်သန်းအေး | |
| ၁၁ | ဒေါ်လှဆွေ | | ၁၂ | ဒေါ်မိုးမိုး | |
| ၁၃ | ဦးမြတ်ထွန်း | | ၁၄ | ဦးဟန် | |
| ၁၅ | ဒေါ်သန်းစိန် | | ၁၆ | ဒေါ်မြရှင် | |
| ၁၇ | ဦးရွှေမြ | | ၁၈ | ဦးဇော်ဝင်း | |
| ၁၉ | ဦးလှမောင် | | ၂၀ | ဦးစိန်မောင် | |
| ၂၁ | | | | | |

မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

## မြို့မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ

### အခြေအနေတင်ပြချက်

| စဉ် | ဆောင်ရွက်လိုသည့် လုပ်ငန်းအမည် | ခန့်မှန်းကုန်ကျစရိတ် (ကျပ်သိန်း) | လုပ်ငန်းဆောင်ရွက်ရန် ရံပုံငွေရရှိမှု (ကျပ်သိန်း) | | | | အကျိုးပြုအိမ်ထောင်စု | စိမ်ကိန်းလွှမ်းခြုံမည့်ဧက/ဦးရေ | ဦးစားပေးအဆင့် | လုပ်ငန်းတိုးတက်မှုအခြေအနေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူထည့်ဝင်မှု | နိုင်ငံတော်မှဆောင်ရွက်ပေးရန် | နိုင်ငံခြားအကူအညီအထောက်အပံ့ | စုစုပေါင်း | | | | |
| ၁ | လျှပ်စစ်မီး(မဂ္ဂါဝပ် ၇၅) | ၃၀၀ | ၈၀ | ၂၂၀ | - | ၃၀၀ | ၄၀ | ၂၃၀ | ၁ | |
| ၂ | မူလတန်းကျောင်းခြံစည်းရိုး ချိန်းလိတ် | ၄၃ | ၅ | ၃၈ | - | ၄၃ | ၅၆ | ၂၃၀ | ၂ | |
| ၃ | ရွာလယ်လမ်းပြင်ရန် ကျောက်ချောလမ်း(၇၀၀x၂၃)ပေ | ၂၀ | လုပ်အားပေး | ၂၀ | - | ၂၀ | ၂၃၇ | ၁၈၀၀ | ၃ | |
| ၄ | ကျေးလက် စာကြည့်တိုက်(၁)ပင်ပတ်လည် | ၆၀ | ၅ | ၅၅ | - | ၆၀ | ၅၆ | ၂၃၀ | ၄ | |
| ၅ | ကျေးလက်ဆေးပေးခန်း (၁)ပင်ပတ်လည် | ၁၀၀ | လုပ်သားပေး | ၁၀၀ | - | ၁၀၀ | ၁၃၇ | ၅၅၀ | ၅ | |

စာရင်းပြုစုသူ

လက်မှတ်၊ ---------------------

အမည် ၊---------------------

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ရွေးပင်လယ်ကျေးရွာအုပ်စု၊ ကန်ပူးကျေးရွာ၏

## ""လုပ်ငန်းအကောင်အထည်ဖော်ပြသော"" အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး၊ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်။ ဘွဲ့ရဦးရေ (၂၃)ဦးရှိပါသည်။ အများစုမှာ တောင်သူလုပ်ကိုင်ကြပါသည်။ အခြား လူများမှာ တွင်းနှံ၊ ဂဟေဆက်၊ ဒံသေတ္တာ၊ လယ်တူလီ၊ သူရင်းငှား၊ အစိုးရဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

### စီးပွားရေး

ရွာရှိလူဦးရေ၏ (၇၀%)မှာစိုက်ပျိုးရေးကိုလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးကိုအဓိကထား၍ လုပ်ကိုင်နေရသဖြင့် တစ်နှစ်ပတ်လုံးရေရရှိရန်အတွက် အရေးကြီးလှပါသည်။ ရေရရှိမှသာလျှင် စိုက်ပျိုးသီးနှံများဖြစ်ထွန်းအောင်မြင်ပြီး တောင်သူများ၏ စီးပွားရေးမှာအဆင်ပြေမှာဖြစ်ပါသည်။ သို့သော် ကန်ပူးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း၊ မိုးခေါင်ရေရှားဒေသတွင်ရှိသောကြောင့် အများအားဖြင့် နှစ်စဉ်နှစ်တိုင်းလိုလိုပင် နွေရာသီမရောက်ခင်ကပင် ရေပြတ်လပ်လေ့ရှိပါသည်။ ထို့ကြောင့် သောက်သုံးရေ၊ ချိုးရေနှင့် သုံးရေပြတ်လပ်မှုများလည်း ကြုံတွေ့ရပါသည်။ ထိုအချိန်တွင် ရွာနီးနားရှိ ရေရှိသောရွာများသို့ သွားရောက်၍ရေခက်ရပါသည်။ ထို့ကြောင့် အချိန်ကုန် လုပ်ငန်းပန်းခြင်းတို့ဖြစ်ပါသည်။ ထိုရွာများမှာလဲ မိုးလေဝသမှန်ပြီး ရေများများရရှိသောနှစ်တွင် တစ်နှစ်ပတ်လုံးသုံးစွဲနိုင်ပြီး မိုးလေဝသမမှန်သောနှစ်တွင် ရေနည်းနည်းသာရရှိသောကြောင့် တစ်နှစ်ပတ်လုံးအတွက်ရေမှာ မလုံလောက်ပါ။ ထိုအချိန်တွင် ရွာ၏ဘုန်းကြီးကျောင်းမှ ရွာသို့ပိုက်လိုင်းသွယ်၍ ရေလွှတ်ပေးပါသည်။ ထိုရေမှာလည်း ရေငန်ဖြစ်သဖြင့် သောက်သုံးရန်နှင့် ထမင်းဟင်းတို့ ချက်ပြုတ်ရန်အတွက် ခက်ခဲလှပါသည်။ ထိုသို့ မိုးလေဝသမမှန်ပြီး ရေမရရှိသည့်အတွက် စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးခြင်း၊ ရရှိသောရေမှာလည်း ရေငန်ဖြစ်သည့်အတွက် အဆင်မပြေခြင်းစသည့် ပြဿနာအခက်အခဲတို့ကြောင့် ရွာ၏စီးပွားရေးမှာ နှောင့်နှေးမှုများရှိပြီး စက်ရေတွင်းရရှိရန်အတွက်လည်း လိုအပ်လှပါသည်။

### ပညာရေး

ကန်ပူးကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။ ထို့ကြောင့် ရွာရှိလူအများစုမှာ မူလတန်းပညာကိုသင်ကြားတတ်မြောက်ခွင့်ရကြပါသည်။ သို့သော် အလယ်တန်း၊ အထက်တန်းနှင့် ဘွဲ့ရဖို့အတွက်မှု မိဘစီးပွားရေးအခြေအနေ၊ အသိပညာဗဟုသုတနည်းပါးခြင်းတို့ကြောင့် လူနည်းစုသာ ဘွဲ့ရပညာတတ်ကြပါသည်။ ယခုအချိန်၌ အခြားရွာများတွင် လျှပ်စစ်မီးရရှိပြီးဖြစ်သော်လည်း ရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။ လျှပ်စစ်မီးရရှိရန်အတွက်လည်း လိုအပ်လှပါသည်။ သို့မှသာ TV, Channel များမှ ထုတ်လွှင့်သော ကုန်ဈေးနှုန်းအတက်အကျများကို သိရှိခြင်း၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသော သတင်းအချက်အလက်များကို သိရှိရခြင်းအတွက် မိမိနှင့်မိမိတို့၏ သားသမီးများအတွက် ဆောင်ရန်ရှောင်ရန်အချက်အလက်များကို သိရှိနားလည်ပြီး မိမိတို့သားသမီးအနာဂတ်အတွက် စဉ်းစားတွေးတောနိုင်ခြင်းစသည့်အကျိုးကျေးဇူးတို့ကို ရရှိနိုင်ပါသည်။ ၎င်းပြင် ယခုအချိန်၌ ရွာတွင်မူကြိုကျောင်းဆောက်လုပ်လျက်ရှိပါသည်။ မူကြိုကျောင်းမှာ ၄ ပင်ပတ်လည်ရှိပြီး အရိုး၊ အမိုးနှင့် အုတ်မြစ်တို့မှာ ရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ပြီးဖြစ်ပါသည်။ သို့သော် ဘေးအကာနှင့် တံခါးပေါက်တို့မှာ ရွာမှ ငွေကြေးမတတ်နိုင်သဖြင့် အပြီးသတ်မဆောက်လုပ်ရသေးပါ။ ထို့ကြောင့် မူကြိုကျောင်းအပြီးသတ်ဆောက်လုပ်ရန်အတွက်လည်း လိုအပ်လှပါသည်။

## ကျန်းမာရေး

ကန်ပူးကျေးရွာတွင် ဆေးပေးခန်းမရှိသောကြောင့် နာမကျန်းဖြစ်လျှင် ဆေးမြီးတိုနှင့်ကုခြင်း၊ ဆေးဆိုင်များမှ ဆေးစပ်ခိုင်းပြီးသောက်ခြင်း၊ ဗိန္ဒောဆရာများနှင့် ကုသခြင်းစသည်တို့ကို ပြုလုပ်ကြပါသည်။ ဆေးရုံဆေးခန်းရှိသော မြို့သို့သွားရောက်ကုသရန်လည်း အများစုမှာ ငွေကြေးမတတ်နိုင်ကြပါ။ ထို့ကြောင့် ရွာတွင်ဆေးပေးခန်းဆောက်လုပ်ရန်အတွက် ·လိုအပ်လှပါသည်။ သို့ရာတွင် ရွာသားများမှာ ဆေးပေးခန်းဆောက်လုပ်ရန်အတွက် လုပ်အားသာတတ်နိုင်ပြီး ငွေကြေးမတတ်နိုင်ပါ။ အလျား(၃၀)ပေ၊ အနံ(၁၅)ပေနှင့် အုတ်တိုက်သွပ်မိုးဆေးခန်းဆောက်ချင်သောကြောင့် သိန်း(၁၀၀)လောက်ကုန်ကျမည်ဟု ရွာသားများမှ ခန့်မှန်းထားပါသည်။ ၎င်းပြင် ရွာလယ်လမ်းမှာလည်း ပြုပြင်ရန်အတွက် လိုအပ်လှပါသည်။ ရွာလယ်လမ်းမှာ အလျား(၇၀၀)ပေ၊ အနံ(၂၃)ပေ ကျောက်ချောလမ်းအဖြစ်ပြုပြင်ချင်သောကြောင့် သိန်း(၂၀)ကုန်ကျမည်ဟု ရွာသားများမှခန့်မှန်းထားပါသည်။ ဆေးပေးခန်းဆောက်လုပ်ခြင်းနှင့် ရွာလယ်လမ်းပြုပြင်ခြင်းဖြင့် မိမိတို့ရွာအတွက်သာမက ရွာနီးချင်းများကိုပါ အကျိုးပြုနိုင်ပါသည်။

## ဘာသာရေး

ကန်ပူးရွာ၏ တောင်ဘက်တွင် ဘုန်းကြီးကျောင်းရှိပါသည်။ လဆန်း(၈)ရက်နှင့် လပြည့် လကွယ်နေ့များတွင် ရွာရှိလူကြီးမိဘများမှာ ဘုန်းကြီးကျောင်းသို့ လှူဖွယ်ဝတ္ထုများနှင့်အတူ ဥပုသ်သီလ ဆောက်တည်ရန်အတွက် သွားကြပါသည်။ ၎င်းပြင် ဝါတွင်းကာလ၊ သင်္ကြန်နှင့် တပို့တွဲလဘုရားပွဲတော်ကျင်းပချိန်များတွင် ကလေးရောလူငယ်များပါ ကုသိုလ်ကောင်းမှုပြုလုပ်ရန်အတွက် ဘုန်းကြီးကျောင်းသို့သွားကြပါသည်။

## လူမှုရေး

ကန်ပူးရွာတွင် လူမှုရေးအနေဖြင့် ရွာရှိအလှူပွဲ၊ ဘုရားပွဲ၊ သာရေးနာရေး ကိစ္စများတွင် ရွာရှိ လူကြီး၊ လူငယ်များအားလုံး ပါဝင်ကူညီဆောင်ရွက်ပေးကြပါသည်။ ထိုပွဲများတွင် အမျိုးသားများမှာ အချက်အပြုတ်ရေစည်လှည်းတိုက်ခြင်း၊ မဏ္ဍပ်ဆောက်ခြင်း၊ မီးစက်ငှားရမ်းခြင်း စသည့်တို့ကို လုပ်ဆောင်ပေးကြပါသည်။ အမျိုးသမီးများမှာ ကြွရောက်လာသော ဧည့်သည်များကို ဧည့်ခံခြင်း၊ ပန်းကန်၊ အိုးခွက်များ စသည်တို့ ငှားရမ်းခြင်း အမှိုက်လှဲခြင်း၊ သောက်ရေအိုးဖြည့်ခြင်း စသဖြင့် လုပ်ကိုင်ပေးကြပါသည်။ ၎င်းပြင် ရွာသားများသည် ရပ်ဝေးရပ်နီးမှ ရွာသို့လာရောက် အလှူခံသူများရှိလျှင်လည်း ၎င်းတို့တတ်နိုင်သမျှ ပါဝင်လှူဒါန်းကြပါသည်။

CamScanner

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ရွှေပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``လုပ်ငန်းအကောင်အထည်ဖော်ပြဇယား'' အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းအကောင်အထည်ဖော်ပြဇယား

နေ့စွဲ၊ (၂၆.၁၂.၂၀၁၆) အစည်းအဝေးစတင်ချိန် (၁း၃၀)

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် (၃း၃၀)

ပံ့ပိုးသူ၏အမည် - ဝင်းမိုးမိုးအေး အစည်းအဝေးကြာချိန် (၂)နာရီ

ဆွေးနွေးသည့်အကြောင်းအရာများ - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွှေပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``လုပ်ငန်းအကောင်အထည်ဖော်ပြဇယား'' ရေးဆွဲရာတွင် ဦးရွှေမြင့်နှင့် ကိုနေလင်းအောင်မှ ထိုဇယားဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ရွာသားများအားရှင်းပြပါသည်။ ထို့နောက်တွင်ဇယားဆွဲသူ ကိုနေလင်းအောင်မှ စက်ရေတွင်းတူးလျှင်မည်မျှနက်ကြောင်းကိုလည်း ရေးရမည်ဖြစ်ကြောင်းပြောသောအခါ ဦးခင်မြေ့မှ ပေ၈၀၀ ဟုရေးလိုက်ဟုပြောလေ၏။ ထိုအခါ အခြားသူများက ပေ(၈၀၀)ကြီးမနက်ပါဘူးဟု ပြောလေ၏။ ထိုအချိန်တွင် ဦးပေါလိုင်က ချောင်းနဲ့နီးတဲ့ ညောင်ပင်ရွာမှာတောင် စက်ရေတွင်းတူးတာ ပေ(၆၀၀)နက်တယ်ဟုပြောလေ၏။ တို့ရွာက ချောင်းမရှိဘာမရှိနဲ့ ပေ(၈၀၀)တော့တူးရလောက်တယ်ဟု ဦးစိန်လင်းကပြောပြ၏။ ထိုအချိန်တွင် အခြားလူများကလည်း အဲဒါဖြင့်လည်း ခန့်မှန်းခြေပေ(၈၀၀)ရေးလိုက်ပေါ့ရွာဟု ပြောလေ၏။ ထို့ကြောင့် ဇယားဆွဲသူမှ ပေ(၈၀၀)ဟုရေးလိုက်၏။ ၎င်းအပြင် ခန့်မှန်းငွေကို လဲရေးရမည်ဟု ဦးရွှေမြမှပြောလေ၏။ (၂၀၀)လောက်တော့ကုန်လောက်တယ်ဟု အများကပြောသော ကြောင့် ဇယားဆွဲသူမှ သိန်း(၂၀၀)ဟုရေးလိုက်၏။ ဇယားဆွဲသူမှ စက်ရေတွင်းတူးသောအခါ ပြည်သူများကရော မည်မျှထည့်ဝင်မည်နည်းဟု မေးသောအခါ ဥက္ကဌ ဦးတင်စိုးမှ ရွာတွင် အိမ်ခြေအားဖြင့်(၅၇)အိမ် ရှိကြောင်း တစ်အိမ်လျှင် (၁)သောင်းနှုန်းဖြင့် ခန့်မှန်းခြေ(၅)သိန်းလောက်တော့ ရမှာပါဟုပြောလေ၏။ ထို့ကြောင့် (၅)သိန်းဟုရေးလိုက်၏။ ၎င်းအပြင် နိုင်ငံခြားအထောက်အပံ့ရောရနိုင်လားဟု ဇယားဆွဲသူမှမေးသောအခါ ရွာသားများမှ ငါတို့ရွာမှာ နိုင်ငံခြားကိုသွားပြီး အလုပ်လုပ်တဲ့သူမှမရှိတာ နိုင်ငံခြားအထောက်အပံ့မရှိဘူးလို့ပြောလေ၏။ ဒါဆိုနိုင်ငံတော်မှ ထောင်ရွက်ပေးရန်မှာ (၁၉၅)သိန်းဖြစ်မှာပေါ့ဟု ဇယားဆွဲသူမှပြောရင်း ရေလေ၏။ ရွာမှ အိမ်ခြေ(၇၅)အိမ်၊ လူဦးရေ(၂၃၀)ဦးရှိတာဆိုတော့ စက်ရေတွင်းတူးပြီးတဲ့အခါ အကျိုးပြုအိမ်ထောင်စုနဲ့ စိမ်ကိန်းလွှမ်းခြုံမည့် ဦးရေမှာ ရွာရဲ့အိမ်ခြေ၊ လူဦးရေပဲ ရေးရမှာလားဟု ဇယားဆွဲသူကမေးသောအခါ ရွာသားများမှ ဒါပေါ့ကွဟုပြောသောကြောင့် ရွာ၏အရေအတွက်အတိုင်းရေးလိုက်၏။

ထို့နောက်တွင် ဦးရွှေမြမှ ရွာတွင်လျှပ်စစ်မီးအသုံးပြုလျှင် မဂ္ဂါဝပ်မည်မျှကုန်နိုင်မလဲဟုမေးသောအခါ ရွာသားများက အိမ်ခြေက(၅၀)ကျော်ဆိုတော့ (၇၅)မဂ္ဂါဝပ်လောက်တော့ ကုန်လောက်တယ်ဟု ပြောသောကြောင့် ထိုအတိုင်း ဇယားဆွဲသူကရေးလိုက်၏။ ဇယားဆွဲသူမှ ခန့်မှန်းကုန်ကျစရိတ်ကရောဟု မေးသောအခါ ရွာသားများက သိန်း(၃၀၀)လောက်တော့ ကုန်မှာဟုပြောသောကြောင့် သိန်း(၃၀၀)ဟုရေးလိုက်၏။ ဇယားဆွဲသူက ပြည်သူထည့်ဝင်မှုကရောဟုမေးသောအခါ ဥက္ကဌနှင့် ရွာမှလူများကရေစဆိုရင်တော့ အိမ်တိုင်းယူမှာ မီးကျတော့ အိမ်တိုင်းမယူနိုင်ဘူးကွ တစ်အိမ်(၂)သိန်းနှုန်းနဲ့ပဲတွက်ဦး မီးယူမဲ့အိမ်က (၄၀)လောက်ပဲရှိမှာ ဒါကြောင့်(၈၀)ပဲရေးလိုက်ဟု ပြောလေ၏။ ၎င်းပြင် ဥက္ကဌမှ နိုင်ငံခြားထောက်ပံ့မှုကတော့မရှိဘူးနော်ဟု ပြောလိုက်သေး၏။ ထိုချိန်တွင် ဇယားဆွဲသူမှ ဒါဆိုနိုင်ငံတော်မှ ထောင်ရွက်ပေးရန်

•

မှာ သိန်း(၂၀)ပေါ့ဟု မေးသောအခါ ဥက္ကဋ္ဌနှင့် ရွာသားများမှ ဒါလောက်ကွာဟုပြန်ပြောလေ၏။ ထို့ကြောင့် ထို အတိုင်းပဲဖယားဆွဲသူမှရေးလိုက်၏။

ထို့နောက်ဖယားဆွဲသူမှ ရွာတွင်းလမ်းဖြစ်တဲ့အခါ လမ်းအရှည်နဲ့ အကျယ်ကဘယ်လောက်ရေးရမှာ လဲဟုမေးသောအခါ လမ်းရဲ့အလျားက(၇၀၀)ပေ၊ အနံက(၂၃)ပေ ကျောက်ချောလမ်းဖြစ်ချင်တာကွာဟု ရွာသားများမှပြောလေ၏။ အဲကုန်ကျစရိတ်ဆိုရင်တော့ သိန်း(၂၀)လောက်တော့ကုန်မှာကွ ပြည်သူတွေက တော့လုပ်အားပေးပဲတတ်နိုင်မှာ အဲတော့နိုင်ငံတော်မှ ထောက်ပံ့ပေးရန်မှာ သိန်း(၂၀)ပဲပေါ့ကွာဟု ရွာသားများမှ ပြောလေ၏။ ပြောသည့်အတိုင်းပင် ဖယားဆွဲသူမှလည်း လိုက်ရေးလေ၏။ ၎င်းမြို့ ဦးရဲ့သန်းမှ ရွာလယ်လမ်းဖြစ်လိုက်ရင် ငါတို့ရွာရဲ့မြောက်ဘက်ကရေးစရင်းသွားကြတဲ့သူတွေပါ လမ်းဖြတ်သွားရတာ အဆင်ပြေသွားမှာကွ ငါတို့တစ်ရွာတည်းတင် လမ်းသွားရတာအဆင်ပြေမှာမဟုတ်ဘူးကွာဟု ပြောလေ၏။

ထို့နောက်တွင် ဖယားဆွဲသူမှ ရွာကျောင်းအမိုးသတ်ဆောက်လုပ်ရန်အတွက်ကလယ်ကို ရေးမှာလဲဟုမေးသောအခါ ရွာကမှကြီးကျောင်းက (၄)ပင်ပတ်လည်ကို အမိုး အမိုးနဲ့ အုတ်မြစ်က ကိုယ်ထူ ကိုယ်ထနဲ့ဆောက်ပြီးသားဆိုတော့ ဘေးပတ်လည်အကာနဲ့တံခါးပေါက်တွေပဲ လုပ်ရမှာဆိုတော့သိန်း(၃၀) လောက်တော့ကုန်မှာ ဒီတော့ပြည်သူ့ရဲ့ထည့်ဝင်မှုကတော့ လုပ်အားပေးပေါ့ နိုင်ငံတော်မှ ထောက်ပံ့ပေး ရန်အတွက်ကလည်း(၃၀)သိန်းပဲပေါ့ကွာဟု ရွာသားများမှပြောသည့်အတိုင်းပင် ဖယားဆွဲသူမှ လိုက်ရေး နေလေ၏။ ထို့နောက်တွင် ဆေးပေးခန်းဆောက်လုပ်ရန်အတွက်လည်း ပြောပြပါဦးဟုဖယားဆွဲသူမှ မေး သောအခါ အလျားက(၃၀)ပေ၊ အနံက(၁၅)ပေနဲ့ အုတ်တိုက်သွပ်မိုးနဲ့ ဖြစ်ချင်တာပေါ့ ခန့်မှန်းခြေသိန်း (၁၀၀)လောက်တော့ ကုန်မှာကွ ပြည်သူတွေကတော့ လုပ်အားပေးပဲတတ်နိုင်မှာကွ အဲတော့ နိုင်ငံတော်မှ ထောက်ပံ့ပေးရန်ကတော့ သိန်း(၁၀၀)ပဲပေါ့ကွာဟု ရွာသားများကပြောလေ၏။ ထိုအတိုင်းပင် ဖယားဆွဲ သူမှ လိုက်ရေးလေ၏။ ဤသို့ဖြင့် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွာပင်လယ်အုပ်စု၊ ကန်ပူရွာ၏ ``လုပ်ငန်းအကောင်အထည်ဖော်ပြဖယား´´အစည်းအဝေးမှတ်တမ်းကို အဆုံးသတ်လိုက်ပါတော့သည်။

(ဝင်းမိုမိုအေး)

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးကျန် | | ၂ | ဦးမာ | |
| ၃ | ဦးစိန်လင်း | | ၄ | ဦးရဲသန်း | |
| ၅ | ဦးတင်စိုး | | ၆ | ဦးရွှေမြ | |
| ၇ | ဒေါ်အေးလွင် | | ၈ | ဒေါ်မာရီ | |
| ၉ | ဒေါ်နွဲ့ဝေ | | ၁၀ | ကိုနေလင်းအောင် | |
| ၁၁ | ဒေါ်အေးဝမ်း | | ၁၂ | ဒေါ်တင်ရှိန် | |
| ၁၃ | ဒေါ်မိုးမိုး | | ၁၄ | ဒေါ်ဝင်းမြ | |
| ၁၅ | ဒေါ်သန်းအေး | | ၁၆ | ဒေါ်ခင်စီ | |
| ၁၇ | ဒေါ်ဗိလုံး | | ၁၈ | ဒေါ်စန်းရီ | |
| ၁၉ | ဒေါ်ဆိုး | | ၂၀ | | |
| ၂၀ | | | | | |

မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏

``ထူးခြားဖြစ်စဉ်ပြ´´ ဇယား

| စဉ် | ခုနှစ် | | အကြောင်းအရာ | အကျိုးသက်ရောက်မှု | |
|---|---|---|---|---|---|
| | ခရစ်နှစ် | မြန်မာသက္ကရာဇ် | | ကောင်းကျိုး | ဆိုးကျိုး |
| ၁ | 2.5.1991 | ၁၃၅၃ခုနှစ် ကဆုန်လဆုတ် (၅)ရက် | ရွာလယ်လမ်းအသစ် ဖောက်လုပ်ခြင်း | သွားရေးလာရေး အဆင်ပြေပါသည်။ အခြားကျေးရွာများအတွက်လည်းများစွာ အထောက်အကူပြုပါသည်။ကောက်ကွေ့နေသောလမ်း အနည်းငယ်ဖြောင့်ဖြူးသာယာသွားပါသည်။ | ရွာသူရွာသားများ မညီညွတ်၍ စိတ်ဝမ်းကွဲ၊ အိမ်ပိုင်းများဖြတ်၍ဖောက်လုပ်ရသောကြောင့် ပိုင်းပိုင်ဆိုင်များနစ်နာရ ပါသည်။ |
| ၂ | 1.12.2003 | ၁၃၆၅ခုနှစ် နတ်တော်လဆန်း (၈)ရက် | အ.မ.က-ကျောင်း ဖွင့်ခြင်း | ကျေးရွာအတွက်များစွာအကျိုးရှိပါသည်။ ကျောင်းသား/ကျောင်းသူများအတွက်လည်း ပညာရေးအတွက်များ စွာအဆင်ပြေသွားပါသည်။ ကလေးငယ်များတစ်ခြားကျေးရွာများသို့ ပင်ပန်းစွာကျောင်းသွားတက်ရခြင်း မရှိတော့ပါ။ ရွာအနီးပတ်ဝန်ကျင် ရွာငယ်များမှ ကျောင်းသားမိဘများနှင့်ကျောင်းသား/သူကလေးငယ် များလည်း အဆင်ပြေသွားပါသည်။ | ကျောင်းအနီးနားပတ်ဝန်းကျင်ရှိ အိမ်များတွင် ကလေးများဆော့ကစားခြင်း၊ အော်ဟစ်ငိုယိုခြင်းကြောင့် ဆူညံသံများကြားရခြင်း |
| ၃ | 20.10.2011 | ၁၃၇၃ ခုနှစ် သီတင်းကျွတ်လဆုတ် (၄)ရက် | မိုးသည်းထန်စွာ ရွာသွန်းခြင်း | ရေတွင်း၊ ရေကန်၊ ချောင်းမြောင်းများတွင် ရေပေါ်များ | လူနေအိမ်များထဲတွင် ရေဝင်၍ မျိုးစေ့များ ရေစိုခြင်း၊ ရွာလယ်လမ်း များ ပျက်စီးခြင်း ရေလှောင်ကန်များ ကျိုးပေါက်ပျက်စီးခြင်းစသည့် ဆိုးကျိုးများဖြစ်ပေါ်ရပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၄ | 7.10.2016 | ၁၃၇၈ ခုနှစ်<br>သီတင်းကျွတ်<br>လဆုတ်(၁)ရက် | နွားများ<br>လျှာနာခွာနာ<br>ရောဂါပိုးဝင်ခြင်း | တိရစ္ဆာန်ကုသသော<br>ဆေးဆရာများဝင်ငွေရခြင်း | နွားများနှင့် အလုပ်လုပ်ကြသော တောင်သူ<br>လယ်သမားများ များစွာဒုက္ခရောက်ရပါ သည်<br>တောင်သူလယ်သမားကြီးများ၏ အချိန်များ၊<br>လုပ်ငန်းများ၊ ငွေများ များစွာဆုံးရှုံးရပါသည်။ |

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ရွှေပင်လယ်ကျေးရွာအုပ်စု၊ ကန်ပုံးကျေးရွာ၏

``လုပ်ငန်းအကောင်အထည်ဖော်ပြမယား´´ အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွှေပင်လယ်အုပ်စု၊ ကန်ပုံးကျေးရွာတွင် အိမ်ခြေ(၅၆)အိမ်၊ လူဦးရေ(၂၅၀)ဦး။ ကျား(၉၃)၊ မ(၁၅၇)ဦးရှိပါသည်။ ဘွဲ့ရဦးရေ (၂၃)ဦးရှိပါသည်။ အများစုမှာ တောင်သူလုပ်ကိုင်ကြပါသည်။ အခြား လူများမှာ တွင်ခုံ၊ ဂဝေဆော်၊ သံသေတ္တာ၊ လယ်ကူလီ၊ သူရင်းငှား အစိုးရ ဝန်ထမ်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

## စီးပွားရေး

ရွာရှိလူဦးရေ၏ (၇၀%)မှာစိုက်ပျိုးရေးကိုလုပ်ကိုင်ကြပါသည်။ (၃၀%)မှာ လယ်ကူလီ၊ သူရင်းငှား တွင်ခုံ၊ ဂဝေဆော်၊ သံသေတ္တာ၊ အစိုးရဝန်ထမ်း၊ ထန်းလုပ်သား၊ ပြည်တွင်းရွှေ့ပြောင်းလုပ်သားများအဖြစ် လုပ်ကိုင်ကြပါသည်။ တောင်သူလယ်သမားများမှာ မိုးလေဝသကိုမှီခို၍ ၄င်းတို့၏စီးပွားရေးကို လုပ်ကိုင်ကြပါသည်။ (20.10.2011) မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် သီတင်းကျွတ်လဆုတ်(၄)ရက်နေ့ ကျေးရွာတွင် မိုးများသည်းထန်စွာ ရွာသွန်းသောကြောင့် လူနေအိမ်များထဲတွင် ရောက်၍ မျိုးစေ့များဆုံးရှုံးခြင်း၊ စိုက်ပျိုးရေးသီးနှံများ ပျက်စီးဆုံးရှုံးခြင်း၊ အခြားအိမ်များ၏ အိမ်ခေါင်မိုးများပျက်စီးခြင်း စသည်တို့ကြောင့် ရွာရှိလူများ၏ စီးပွားရေးများ များစွာထိခိုက်ပျက်စီးရပါသည်။

## ပညာရေး

ကန်ပုံးကျေးရွာတွင် ယခင်နှစ်များက စာသင်ကျောင်းမရှိသောကြောင့် အခြားကျေးရွာများသို့ ရွာသားများသွားရောက် စာသင်ကြားရပါသည်။ ထို့အတွက် အချိန်ကုန်ခြင်း၊ လူပန်းခြင်း၊ မျက်နှာငယ်ခြင်း စသည့် အခက်အခဲများနှင့် ရင်ဆိုင်ရပါသည်။ သို့သော် (1.12.2003)ခုနှစ် မြန်မာသက္ကရာဇ် ၁၃၆၅ခုနှစ်၊ နတ်တော်လဆန်း(၈)ရက်နေ့တွင် ရွာသားများ၏ စည်းလုံးညီညွတ်မှုကြောင့် အခြေခံမူလတန်းကျောင်းကို အစိုးရမှဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့ကြောင့် ရွာရှိကျောင်းသား၊ ကျောင်းသူများအတွက် အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်း၊ မျက်နှာငယ်ခြင်းစသည့် ဒုက္ခတို့မှ လွတ်မြောက်သွားပါသည်။

## ကျန်းမာရေး

ကန်ပုံးကျေးရွာတွင် ဆေးပေးခန်းမရှိပါ။ ထို့ကြောင့် နာမကျန်းဖြစ်လျှင် အုပ်စုရွာရှိ ဆေးပေးခန်းရှိသောရွာများ၊ ဆေးခြီးတို၊ ဗိန္ဒောဆရာစသဖြင့် ကုသရပါသည်။ ရေစ်နှစ် (17.10.2016)ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ သီးင်းကျွတ်လဆုတ်(၁)ရက်နေ့တွင် ရွာရှိနွားအများစုတွင် လျှာနာ၊ ခွာနာ ရောဂါပိုးများဝင်ရောက်ခဲ့ပါသည်။ ထို့ကြောင့် နွားများမှာ ရက်သတ္တပတ်(၂)ပတ်မှ (၄)ပတ်အထိ အလုပ်မလုပ်နိုင်သောကြောင့် တောင်သူလယ်သမားများမှာ အခြားကျေးရွာရှိ နွားများကို ငှားရမ်းအသုံးပြုရသဖြင့် အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်း၊ လုပ်အားဆုံးရှုံးခြင်း၊ စိတ်ဆင်းရဲရခြင်း၊ ထွန်ယက်စိုက်ပျိုး၊ ရိတ်သိမ်းသင့်သည့် သီးနှံများကို အချိန်လွန်မှ ပြုလုပ်ရသောကြောင့် ဝင်ငွေလျော့နည်းခြင်းစသည့် ပြဿနာများနှင့် ရင်ဆိုင်တွေ့ရပါသည်။ ထို့ကြောင့် အစိုးရတာဝန်ရှိသူများအနေဖြင့် တိရစ္ဆာန်များရောဂါမဖြစ်ပွားမီ ကြိုတင်၍ ကာကွယ်ဆေးများထိုးပေးလျှင် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ရွာသားများမှ မျှော်လင့်နေမိပါသည်။

## ဘာသာရေး

ကန်ပုံးရွာ၏ တောင်ဘက်တွင် ဘုန်းကြီးကျောင်းရှိပါသည်။ လဆန်း(၈)ရက်နှင့် လပြည့် လကွယ် နေ့များတွင် ရွာရှိလူကြီးမိဘများမှာ ဘုန်းကြီးကျောင်းသို့ လျှူဖွယ်ဝတ္ထုများနှင့်အတူ ဥပုသ်သီလ ဆောက်

တည်ရန်အတွက် သွားကြပါသည်။ ခရစ်နှစ် (7.9.2016)၊ မြန်မာသက္ကရာဇ် တော်သလင်းကဆန်း(၆)ရက်နေ့တွင် မြေငလျှင် လှုပ်ခတ်ခြင်းကြောင့် ဘုန်းတော်ကြီးကျောင်းရှိ စေတီတစ်ဆူ၏ ထီးတော်မှာ မြေပေါ်သို့ ကျခဲ့ပါသည်။ ထို့ကြောင့် ရွာသားများသွားရောက်၍ အမှိုက်များလှဲခြင်း၊ ထီးတော်ပြန်တင်ရန်အတွက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

လူမှုရေး

ကန်ပူးရွာ ထူးခြားဖြစ်စဉ်တွင်ပါဝင်သော (2.5.1991)တွင် ရွာလယ်လမ်းအသစ်ဖောက်လုပ်ခြင်းကြောင့် ကျေးရွာတွင် မှီတင်းနေထိုင်ကြသော ပြည်သူပြည်သားများ လူမှုရေးကိစ္စများတွင် အဆင်ပြေကြပါသည်။

အစည်းအဝေးမှတ်တမ်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဇွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``ထူးခြားဖြစ်စဉ်ပြဇယား´´ အစည်းအဝေးမှတ်တမ်း

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်၊ ထူးခြားဖြစ်စဉ်ပြဇယား

| | | | |
|---|---|---|---|
| နေ့စွဲ၊ | (၁.၁.၂၀၁၇) | အစည်းအဝေးစတင်ချိန် | (၁း၃၀) |
| အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် | | အစည်းအဝေးပြီးဆုံးချိန် | (၃ း၃၀) |
| ပံ့ပိုးသူ၏အမည် - | ဝင်းမိုးမိုးအေး | အစည်းအဝေးကြာချိန် | (၂)နာရီ |

ဆွေးနွေးသည့်အကြောင်းအရာများ - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဇွေးပင်လယ်အုပ်စု၊ ကန်ပူးကျေးရွာ၏ ``ထူးခြားဖြစ်စဉ်ပြဇယား´´ ရေးဆွဲရာတွင် အစည်းအဝေးတက်ရောက်လာသော ရွာသားများအား ဦးရွှေမြနှင့် ကိုနေလင်းအောင်မှ ထူးခြားဖြစ်စဉ်ပြဇယားရေးဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါသည်။ ထို့နောက်တွင် ဘကြီးကျန်မှ ရွာလမ်းလမ်းကို ဖောက်လုပ်ခဲ့တယ်၊ ရွာလယ်လမ်း ဖောက်လုပ်တဲ့အတွက် ကောင်းကျိုးကတော့ သွားရေးလာရေး အဆင်ပြေသွားတာပေါ့ကွာဟု ဒေါ်သန်းစိန်က ပြောလေ၏။ ဆိုးကျိုးကတော့ ရွာလယ်လမ်းမှာ အိမ်ဝိုင်းများကိုဖြတ်၍ ဖောက်လုပ်ရသောကြောင့် ဝိုင်းပိုင်ရှင်များ နစ်နာရပါသည်။ ဇယားဆွဲသူမှာလည်း ရွာမှလူများပြောသည့်အတိုင်းပင်လိုက်၍ ဇယားထဲတွင်လိုက်၍ ရေးထည့်နေလေ၏။ ထို့နောက်တွင် ဦးသိန်းအေးမှ ခရစ်နှစ်(1.12.2003)ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း (၈)ရက်နေ့တွင် ကန်ပူးရွာ၌ အခြေခံပညာမူလတန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့သည်ဟု ပြောပါသည်။ ရွာမှာ ကျောင်းဖွင့်တဲ့အတွက် ကောင်းကျိုးတွေကတော့ ရွာက ကလေးတွေအရင်ကလို အခြားကျေးရွာတွေကို ပင်ပန်းစွာကျောင်းသွားမတက်ရတော့ဘူးကွ နောက်ပြီး ရွာနီးနားမှာရှိသော ကျောင်းသားများလည်း အဆင်ပြေသွားတာပေါ့ဟု ဦးပေါလိုင်မှ ပြောလေ၏။ ရွာမှာ ကျောင်းဖွင့်တဲ့အတွက် ဆိုးကျိုးကတော့ စာသင်ကျောင်းနှင့် နီးတဲ့အိမ်တွေမှာ ကလေးတွေက ဆော့ကြ၊ ငိုကြတော့ ဆူညံတာပေါ့ကွာဟု စာသင်ကျောင်းအနီးတွင်နေသော ဒေါ်ခင်စန်းမှ ပြောလေ၏။ ဇယားဆွဲသူမှလည်း ၎င်းတို့ပြောသည့်အတိုင်းပင်လိုက်၍ ရေးလေ၏။ ၎င်းပြင် ဦးလှမောင်မှ (20.10.2011)ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၄)ရက်နေ့တွင် ရွာ၌ မိုးအလွန်သည်းထန်စွာ ရွာသွန်းခဲ့တယ်ဟု ပြောလေ၏။ တဆက်တည်းပင် ဦးလှမောင်မှ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရွာရှိရေတွင်း၊ ရေကန်များတွင် ရေများပေါ်များလာတော့ပေါ့ ဆိုးကျိုးကတော့ မိုးသည်းထန်စွာ ရွာသွန်း၍ ရွာလယ်လမ်းများ ပျက်စီးခြင်း၊ ရေလှောင်ကန်များ ကျိုးပေါက်ခြင်း၊ လူနေအိမ်များထဲတွင် ရောက်၍ မျိုးစေ့များ ရေစိုခြင်း၊ သစ်ပင်များ ကျိုးပဲ့ခြင်း၊ လူနေအိမ်များ ခေါင်လန်ခြင်းစသည်တို့ ကြုံတွေ့ရသည်ဟု ပြောပါသည်။ ဇယားဆွဲသူမှလဲ ဦးလှမောင်ပြောသည့်အတိုင်းပင် လိုက်၍ရေးလေ၏။

ထို့နောက်တွင် ဒေါ်နွဲ့ဝေမှ ခရစ်နှစ် (17.10.2016)၊ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၁)ရက်နေ့တွင် ရွာရှိ နွားအများစုတွင် လျှာနာ၊ ခွာနာရောဂါပိုးများဝင်ရောက်ခဲ့သည်ဟု ပြောလေ၏။ ဒေါ်ခင်မြင့်ဆွေမှ နွားများ လျှာနာ၊ ခွာနာရောဂါဖြစ်ခြင်းကြောင့် ကောင်းကျိုးကတော့ တိရစ္ဆာန်ကုသတဲ့ ဆေးဆရာများ ဝင်ငွေရတာပေါ့ဟု ပြောလေ၏။ ဒေါ်မာရီမှ နွားများ လျှာနာ၊ ခွာနာရောဂါဖြစ်ရခြင်းကြောင့် ဆိုးကျိုးကတော့ နွားများမှာ အလုပ်မလုပ်နိုင်သောကြောင့် အခြားရွာများမှ ခိုင်းနွားများကို ငှားရမ်း၍ ခိုင်းရသောကြောင့် ပိုက်ဆံကုန်ခြင်း၊ မိမိအိမ်ရှိ နွားများဆေးကုသရခြင်းကြောင့် ပိုက်ဆံကုန်ခြင်း၊ အချိန်ကုန်ခြင်း လုပ်အားဆုံးရှုံးခြင်းတို့ကြောင့် တောင်သူလယ်သမားများ၏ ဝင်ငွေများ၊ အချိန်များ ထိခိုက်ဆုံးရှုံးရပါသည်

ဟု ပြောလေ၏။ ဇယားဆွဲသူမှလည်း ၄င်းတို့ပြောသော အချက်များကိုလိုက်၍ ဇယားထဲတွင် ရေးလေ၏။ ထိုသို့ အချက်အလက်များ ရေးပြီးသောအခါ အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

(ဝင်းမို့မို့အေး)

အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးကျော် | | ၂ | ဦးထိုက်ကြီး | |
| ၃ | ဦးစိန်လင်း | | ၄ | ဦးတင်စိုး | |
| ၅ | ဦးစန္ဒမြ | | ၆ | ဦးရှန် | |
| ၇ | ဒေါ်ကျင်သန်း | | ၈ | ဒေါ်သန်းစိန် | |
| ၉ | ဒေါ်အေးဝင်း | | ၁၀ | ဒေါ်အေးလွင် | |
| ၁၁ | ဒေါ်ဆိုး | | ၁၂ | ဒေါ်ခင်တင့် | |
| ၁၃ | ဒေါ်မိုးမိုး | | ၁၄ | | |
| ၁၅ | | | ၁၆ | | |
| ၁၇ | | | ၁၈ | | |
| ၁၉ | | | ၂၀ | | |
| ၂၁ | | | | | |

မှတ်တမ်းလိုက်သူအမည်

ရပ်မိ/ရပ်ဖ ခေါင်းဆောင်အမည်